# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၅)ရက် ၊ သောကြာနေ့ ၊ (20-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ **စာမျက်နှာ ၁၆ ကော်လံ ၁**

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်**(ယနေ့)** ညနေ ၅ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့် အနှစ်သာရရှိစွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားမစတင်မီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲမစတင်မီ ခေတ္တရပ်နားချိန်နှင့် ပွဲပြီးချိန်များ၌ နာမည်ကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည်ဖြစ်၍ မိဘပြည်သူများတိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲမှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV–HD၊ MRTV Sports၊ MRTV Parliament၊ MRTV Farmers'နှင့် MWD HD Channel၊ MWD Variety HD Channel၊ အကျိုးတူရုပ်သံလိုင်းများဖြစ်သော Channel 7၊ 5 plus၊ Sports 1၊ MNTV၊ M Channel၊ Channel K၊ MaharEsport တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဥ္စဝတီ၊ ရွှေပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star၊ သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube MRTV Website ၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ပိတ်ပွဲအခမ်းအနားကို Fortune နှင့် YTV တို့မှလည်း Delay ပြသမှုဖြင့် ဆက်လက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ရတနာပုံ
၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်

**အယ်ဒီတာ့အာဘော်**

# ရာသီဥတုပြောင်းလဲမှု ကြိုတင်ပြင်ဆင်သတိပြု

ကမ္ဘာပေါ်တွင် ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်ကြောင့် မတူညီသောသဘာဝဖြစ်စဉ်အမျိုးမျိုးတို့ကို ကမ္ဘာ့ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ပုံမှန်မဟုတ်သောရာသီဥတုပြောင်းလဲဖောက်ပြန်မှုများဖြစ်ပေါ်လာသောကြောင့် ထိုဖြစ်စဉ်၏ဆိုးကျိုးကို လူတို့ ကြုံတွေ့ခံစားနေကြရခြင်းဖြစ်ပေရာ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ပြီး ကြိုတင်ပြင်ဆင်သတိပြုခြင်းဖြင့် ကျော်လွှားကြရမည်ဖြစ်ပေသည်။

မျက်မှောက်ကာလ၌ ကမ္ဘာပေါ်တွင် ပုံမှန်မဟုတ်သော ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးခေါင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နိုင်ငံအများစုကြုံတွေ့နေကြရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ပြည်သူများအနေဖြင့် ဆိုးကျိုးများကို ဆက်၍ခံစားနေကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ယခုအခါ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးရွာသွန်းပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ပေသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ကြောင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်၊ ချောင်းများအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်များကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားပါသည်။

ရာသီဥတုပြောင်းလဲမှုဟူသည် ပုံမှန်မဟုတ်သော ရာသီဥတုဆိုးရွားခြင်း၊ မိုးရွာသွန်းခြင်း၊ ဆီးနှင်းများဖုံးလွှမ်းခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းတို့ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး လူသားများအသက်ရှင်သန်မှုနှင့် ကျန်းမာရေးအပြင် ဂေဟစနစ်များကိုလည်း နည်းမျိုးစုံဖြင့် သက်ရောက်စေပါသည်။ ထို့ကြောင့် လူတို့အနေဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ်လိုက်၍ မိမိတို့၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို ကြိုတင်ကာကွယ်ဖြေရှင်းကြရမည်ဖြစ်သကဲ့သို့ ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေသော၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးမှုဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုတို့ကို လျှော့ချကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များနှင့် ဘေးအန္တရာယ်များလျော့ပါးသက်သာစေပြီး နောင်အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ရာသီဥတုများ ပိုင်ဆိုင်နိုင်စေရန် လူသားတိုင်းအနေဖြင့် သစ်တော၊ သစ်ပင်များခုတ်ယူမှုကိုလျှော့ချ၍ သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းပြီး သစ်ပင်များကို စိုက်ပျိုးကြရမည်ဖြစ်သကဲ့သို့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချခြင်းတို့ဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင် ၁၀ ခုမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆီထွက်သီးနှံဖူလုံရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်မှုရှိစေရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ လူတိုင်းအသက်ရှင် ရပ်တည်ရေးအတွက် စားဝတ်နေရေးသည် အခြေခံ လိုအပ်ချက်ဖြစ်ရာ နိုင်ငံတော်က စားရေရိက္ခာဖူလုံရေး၊ ဒေသနှင့်ကိုက်ညီသည့် ထုတ်ကုန်များ ပိုမိုထွက်ရှိစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအောင်မြင်ကာ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူများကို သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေး ဘက်ပေါင်းစုံမှ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် တာဝန်ယူမှုတာဝန်ခံမှု အပြည့်ဖြင့် နိုင်ငံတော်၏ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် အစွမ်းကုန်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တင်ပြသည့်စာရင်းဇယားများ တိကျမှန်ကန်ရေးစနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကြုံတွေ့နေရသည့်အခြေအနေများကို နည်းလမ်းများရှာဖွေကာ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဟန်ချက်ညီညီဖြင့် ဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများနှင့် ခရိုင် ၁၀ ခုမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ကဏ္ဍအလိုက် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ရန်လျာထားချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြဆွေးနွေးကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၇၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၇၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း ကြက်သွန်နီ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီတွေဈေးကောင်းရရှိဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရရှိစေရန် ဈေးကွက်ချိတ်ဆက်မှုများဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်စေရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

တောင်သူများအနေဖြင့် ကြက်သွန်နီတစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ပိဿာ ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဖူးစားပြောင်း အဖူးရေ ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလအတွင်းက ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်က ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့ရောင်းချအားတက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများတင်ပို့ ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေး ကောင်းပါတယ်"ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဖူးစားပြောင်းများကို ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖူးစားပြောင်း အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀ မှ ၃၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ဖြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းမာရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်းထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပျော်ဘွယ်မြို့နယ် ဥသျှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥသျှစ်ပင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို ငွေကျပ် ၃၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မိုးစပါးများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ စပါး ၄၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မိုးစပါးတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၅၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် မိုးစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မိုးညိုမြို့နယ် တော်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိုးညို ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက တော်ပြန်ကျေးရွာ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

တော်ပြန်ကျေးရွာ၌ အရှည်ပေ ၇၄၁၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း၊ Pipe Culvert ခုနစ်စင်းနှင့် Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၆၃၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် မိုးညိုအောင် ကုမ္ပဏီက ဇူလိုင်လပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၉၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၉၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ဧက ၉၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၉၁၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာ လျာထားဧက ပြည့်မီဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ အရည်အသွေးကောင်းတဲ့ သီးနှံတွေ ထွက်ရှိဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါမကျရောက်စေဖို့ တောင်သူတွေကို သက်ဆိုင်ရာ ဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ အရည်အသွေးကောင်းသော သီးနှံများ ထွက်ရှိရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး စသည့် အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# အတုယူလွဲမှား ရမ်းကားဆိုးသွမ်းနေတဲ့ လူငယ်တွေ သင်ခန်းစာရကြပါစေ

**❖မိန်းမပျိုလေးတစ်ဦးက သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရဲစခန်းတွင်အမှုဖွင့်လိုက်ပါတော့သည်။ ဖိုးတေတို့အုပ်စုက ဘူးခံ၍ငြင်းကြသည်။ သို့သော် အပြောခံရသောမိန်းမပျိုကလေးတွေက အသံဖမ်းစက်ဖြင့် သက်သေခံပစ္စည်းကိုတင်ပြကြသည့်အပြင် ပတ်ဝန်းကျင်မှ မျက်မြင်သက်သေ၊ နားနှင့်ကြားသည့် အကြားသက်သေများပါ တင်ပြလိုက်ကြသောအခါ ဖိုးတေတို့အုပ်စုငါးယောက်စလုံး အချုပ်ခန်းထဲသို့ရောက်သွားကြရသည်။ အာမခံပေးနိုင်သည့်အမှုဖြစ်သော်လည်း မည်သူကမျှ အာမခံမလိုက်ကြပေ။ ခံဝန်ကိုဖောက်ဖျက်သူများအဖြစ်လည်း စွဲချက်အတင်ခံကြရသည်။ နောက်ဆုံးတွင် လူရှုပ်လူပွေ ဖိုးတေတို့အုပ်စု ထောင်ဒဏ်သုံးလစီ ကျသွားကြပါတော့သည်။ ❖**

ဖိုးတေသည် လမ်းထဲ ရပ်ကွက်ထဲတွင် ဆိုးပေလွန်းလှသည်။ တစ်လမ်းလုံး တစ်ရပ်ကွက်လုံးကလည်း သူ့ကို အော့နှလုံးနာနေကြသည်။

ထိခနဲဆိုလျှင် ဖိုးတေပါသည်။ ရုတ်ရုတ်သဲသဲဖြစ်ပြီဆိုလျှင် ဖိုးတေက ရှေ့ဆုံးက ခေါင်းဖြစ်နေသည်။

သူ့အပေါင်းအသင်းများကလည်း သူ့လိုဝါသနာတူစရိုက်တူများဖြစ်ကြသည်။ အသောက်အစားများကြကာ လမ်းဆုံလမ်းခွတွင် တဝါးဝါး တဟားဟားနှင့် ဗရုတ်သုတ်ခကျနေကြလေ့ရှိသည်။

လမ်းသွားလမ်းလာများကြည့်ကာ နောက်ပြောင်လေ့ရှိကြသည်။

အထူးသဖြင့် မိန်းမပျိုကလေးများကို ပို၍စနောက်ကြလေ့ရှိသည်။

မိန်းမပျိုကလေးလမ်းလျှောက်လာသည်ကိုတွေ့လျှင် ဖိုးတေတို့အုပ်စုက သံပြိုင်ဟစ်ကြွေးပြီး "ဘယ်ညာ" "ဘယ်ညာ"ဟု ချီတက်ဟန်နောက်ပြောင်ကြသည်။

ထို့ကြောင့် အချို့မိန်းကလေးများ လမ်းလျှောက်ရင်းကကြောင်ပြီး ခြေလှမ်းများပျက်ကုန်ကြသည်။ ငြိမ်ခံနေသူရှိသကဲ့သို့ ကက်ကက်လန်ပြန်၍ရန်တွေ့သူများလည်းရှိသည်။

သည်တော့ သူတို့က "နင့်ကို ဘာပြောလို့လဲ၊ တို့ဘာသာတို့ အရန်မီးသတ်တပ်ဖွဲ့ထဲဝင်ဖို့ ဘယ်ညာချီတက်လေ့ကျင့်နေကြတာ"လို့ ဆင်ခြေပေးသည်။

ဖိုးတေတို့အုပ်စုက နောက်ပြောင်ရန်အရေးကို အမြဲတမ်းတွေးတောကြံဆနေကြလေ့ရှိသည်။

တစ်နေ့ လမ်းဆုံလမ်းခွမှာပင် သူတို့အုပ်စုထိုင်ပြီး စာအုပ်တစ်အုပ်ကို တစ်လှည့်စီ ဖတ်နေကြစဉ် မိန်းမပျိုကလေးနှစ်ဦး သူတို့အနားက ဖြတ်လျှောက်လာကြသည်။ သူတို့ကို ဖြတ်ကျော်သွားစဉ် သူတို့အုပ်စုက သံပြိုင်ဟစ်ကြွေးကြပြန်သည်။

**"အပျိုစစ်တုံ့ တင်ပါးဆုံ၊ နိမ့်တုံ့မြင့်တုံ့ ခါရမည်"**

**"အပျိုမစစ်၊ ထိုကာတစ် ခါးဆစ်ယမ်း၍ ခါရမည်"**

ထိုအသံကိုကြားလိုက်သော မိန်းမပျိုကလေးနှစ်ဦးက နောက်ပြန်လှည့်ပြီး ရန်တွေ့ကြသည်။

"နင်တို့အိမ်က နင်တို့နှမတွေကို သွားကြည့်ပြီး အော်ကြပါလား၊ ဟောင်ကြပါလား ခွေးကောင်တွေရဲ့"

"ခင်ဗျားဘာကြောင်တာလဲ"

"ဟင်...နင်ကများ ပြန်မေးနေရသေးတယ်။ နှမချင်းမစာမနာ လမ်းဘေးမှာလာပြီး ကလေကချေလုပ်နေတဲ့ကောင်တွေကများ ရဲစခန်းသွားတိုင်မယ်"

"တိုင်တစ်လုံးတစ်မတ်၊ တိုင်ချင်ရာတိုင်၊ ခင်ဗျားတို့ကို ကျွန်တော်တို့က ဘာမှမပြောဘူး။ ဘာမှမစော်ကားဘူး။ ဟောဒီမှာ ဆရာသော်တာဆွေ ရေးထားတဲ့ စာအုပ် ဟာသစာအုပ်၊ ဒီစာအုပ်ထဲက ကဗျာကို ကျွန်တော်တို့က သဘောကျလို့ အလွတ်ကျက်မှတ်နေကြတာ မယုံရင်ယူကြည့်"

မိန်းမပျိုကလေးတစ်ဦးက စာအုပ်ကို ဆတ်ခနဲဆွဲယူပြီး ဖတ်ကြည့်လိုက်သည်။ သူတို့ပြောသည့်အတိုင်း မှန်နေသည်။ လှောင်ပြောင်တာကို သိသိကြီးနဲ့ အခံရခက်လွန်းလှသဖြင့် အောင့်သက်သက်နှင့် စာအုပ်ကို လမ်းဘေးသို့လွှတ်ပစ်လိုက်ပြီး သူတို့နှင့်ဝေးရာဆီသို့ ထွက်ခဲ့ကြရသည်။

"ရယ်လိုက်ရတာ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော"

"ဟား...ဟား...ဟား...ဟား"

ဖိုးတေတို့အုပ်စုက အောင်နိုင်သူများအဖြစ် ဂုဏ်ယူဝင့်ကြွားကာ တဟားဟားဖြင့် ဟားတိုက်ကျန်ခဲ့ကြလေသည်။

သည်တစ်ခါတော့ ဖိုးတေတို့အုပ်စု တစ်ဆင့်တက်လာသည်။ လမ်းဆုံလမ်းခွမှာထိုင်ပြီး ပေါက်ပန်းဈေးကလေးကလားစကားတွေပြော ဟားတိုက်နေကြသည်။

ထိုစဉ် မိန်းမပျိုကလေးသုံးဦးက ကုမ္ပဏီသို့သွားရန် အမြန်လျှောက်လာကြသည်။ ဖိုးတေတို့က ခပ်တည်တည်ပင် စိုက်ကြည့်ပြီး ငြိမ်သက်နေကြသည်။

မိန်းမပျိုကလေးတွေ လွန်သွားမှ ဖိုးတေက လှုပ်ရှားသည်။ လမ်းသရဲခေတ်က နာမည်ကျော် ရုပ်ရှင်မင်းသားတစ်ဦး လုပ်ပြခဲ့သောနည်းကိုအတုယူကာ ပုဆိုးကိုပေါင်လယ်ရောက်အောင် ပြင်ဝတ်လိုက်သည်။ ပြီးတော့မှ လက်ခုပ်ကို အသံအကျယ်ဆုံးမြည်အောင်တီးရင်း အော်လိုက်သည်။

"ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း"

"ဟေ့... ဟေ့... ဟေ့... ဟေ့"

မိန်းမပျိုကလေးတွေက သူတို့ကိုခေါ်သည်အထင်နှင့် ပြိုင်တူသမင်လည်ပြန် ကြည့်လိုက်ရာ "ဟင်ခနဲ" "ဟာခနဲ"ဖြစ်ကုန်ကြပြီး ထိုနေရာမှ ဝေးရာဆီသို့ အပြေးတစ်ပိုင်း ထွက်သွားကြသည်။

မပြေးဘဲ အဘယ်မှာနေပါမည်နည်း။

ဟင်ခနဲ ဟာခနဲမဖြစ်ဘဲ အဘယ်မှာနေပါမည်နည်း။ မိန်းမပျိုလေးတွေ ပြိုင်တူလှည့်အကြည့်မှာ ဖိုးတေက ခါးကိုကုန်း၍ ပြလိုက်ရာ မမြင်ဝံ့ မကြည့်ဝံ့စရာ ရှက်စရာ ရွံ့ဖွယ်မြင်ကွင်းကို တွေ့လိုက်ကြရသောကြောင့်ပင်တည်း။

သူတို့အုပ်စုက အောင်ပွဲရသူများအဖြစ် ဟားတိုက်၍ပင် ကျန်ခဲ့ကြလေသည်။

သို့သော် ညဘက်ရောက်သောအခါ ရယကရုံးတွင် စုံညီမိဘများ၏ရှေ့မှောက်၌ ဖိုးတေတို့အုပ်စုကို ခံဝန်ချက်လက်မှတ်ရေးထိုးစေကာ နောက်ဆုံးအကြိမ်အဖြစ် သတိပေးဆုံးမလိုက်ကြသည်။

ဖိုးတေတို့အုပ်စု တစ်ပတ်ကျော် ငြိမ်ကုပ်သွားကြသည်။

သို့သော် ခွေးမြီးကောက် ကျည်တောက်စွပ်၊ ခဏသာလျှင်တည်း။

နောက်ပိုင်းတွင် ဗရုတ်ကျမြဲ၊ နှောင်ပြောင်မြဲ၊ ညစ်ပတ်မြဲအတိုင်း လမ်းသွားလမ်းလာ မိန်းမပျိုကလေးတွေကို နှောင့်ယှက်ကြပြန်သည်။

မိန်းမပျိုကလေးတွေ သူတို့အနားက ဖြတ်လျှောက်လာလျှင်–

"ချစ်စရာလေးနော်"

"ထိရက်စရာတောင်မရှိဘူး"

"မထိရက်မှတော့ ဘာလုပ်တော့မှာလဲကွာ"

"ငါက ငုံထားချင်တာ"

"ဘာကို ငုံထားချင်တာလဲ"

"ဟိုဒင်း...ဟိုဟာ....လေကွာ"

"ဟား...ဟား...ဟား"

ထိုသို့မျက်နှာပြောင်တိုက်ပြီး ညစ်ညစ်ပတ်ပတ်ပြောဆိုဖန်များလာသောအခါ ကုမ္ပဏီအရောင်းမြှင့်တင်ရေးဝန်ထမ်းမိန်းမပျိုလေးတစ်ဦးက သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရဲစခန်းတွင် အမှုဖွင့်လိုက်ပါတော့သည်။

ဖိုးတေတို့အုပ်စုက ဘူးခံ၍ငြင်းကြသည်။ သို့သော် အပြောခံရသောမိန်းမပျိုကလေးတွေက အသံဖမ်းစက်ဖြင့် သက်သေခံပစ္စည်းကို တင်ပြကြသည့်အပြင် ပတ်ဝန်းကျင်မှ မျက်မြင်သက်သေ၊ နားနှင့်ကြားသည့် အကြားသက်သေများပါ တင်ပြလိုက်ကြသောအခါ ဖိုးတေတို့အုပ်စု ငါးယောက်စလုံး အချုပ်ခန်းထဲသို့ ရောက်သွားကြရသည်။

အာမခံပေးနိုင်သည့်အမှုဖြစ်သော်လည်း မည်သူကမျှ အာမခံမလိုက်ကြပေ။ ခံဝန်ကိုဖောက်ဖျက်သူများအဖြစ်လည်း စွဲချက်အတင်ခံကြရသည်။ နောက်ဆုံးတွင် လူရှုပ်လူပွေ ဖိုးတေတို့အုပ်စု ထောင်ဒဏ်သုံးလစီ ကျသွားကြပါတော့သည်။

သူတို့နှင့်ထိုက်တန်သောပြစ်ဒဏ်ကို သူတို့ခံရသောအခါ တစ်လမ်းလုံး တစ်ရပ်ကွက်လုံးက ဝမ်းသာသွားကြသည်။

"ဇာတ်လမ်းက အဲဒါပဲ သူငယ်ချင်း"

"တို့ငယ်ငယ်တုန်းက တစ်ခေတ်ထခဲ့ကြတဲ့ လမ်းသရဲ လမ်းဘီလူးတွေလို ဆိုးသွမ်းခဲ့သူတွေပဲကွ။ ထားပါတော့ကွာ။ သူတို့ကို အရေးယူအပြစ်ပေးတဲ့ ပြစ်မှုဆိုင်ရာဥပဒေအကြောင်းကို ရှင်းပြပါဦး သူငယ်ချင်းရာ"

"သူတို့ကို အရေးယူအပြစ်ပေးတဲ့ပြစ်မှုဆိုင်ရာဥပဒေပုဒ်မက ၂၉၄ ကွ၊ အဲဒီပုဒ်မမှာ ပြဋ္ဌာန်းထားတာက

"ပုဒ်မ ၂၉၄ မည်သူမဆို အခြားသူများ စိတ်ပြိုငြင်အောင်

(က) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ညစ်ညမ်းသောပြုလုပ်မှုတစ်ခုခုကို ပြုလျှင် သို့တည်းမဟုတ်

(ခ) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ၊ ညစ်ညမ်းသော ကဗျာ၊ လင်္ကာသီချင်း၊ စကားတစ်မျိုးမျိုးကို ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ ပြောဆိုခြင်း တစ်ခုခုပြုလျှင် ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်...လို့ ပြဋ္ဌာန်းထားတယ်ကွ..."

"အများပြည်သူဆိုင်ရာ နေရာဆိုတာကတော့ ရှင်းပါတယ်ကွာ...လမ်းသွားလမ်းလာများတဲ့နေရာ လမ်းဆုံ၊ လမ်းခွ၊ လမ်းမတွေပါဝင်သလို၊ ဈေးတို့၊ ပန်းခြံတို့၊ ရုပ်ရှင်ရုံတို့လည်းပါတယ်ကွ။ အဲဒီလိုနေရာတွေမှာသာ မဟုတ်ဘူး အဲဒီအနားမှာ ပြုမူရင်လဲ ဒီဥပဒေနဲ့ငြိတာပဲကွ..."

"ညစ်ညမ်းသောပြုလုပ်မှု၊ သီချင်း၊ စကားဆိုတာကတော့ အင်္ဂါဇာတ်ကိုလှစ်ပြခြင်း၊ လူမြင်ကွင်းမှာကာမစပ်ယှက်ခြင်းတွေဟာ ညစ်ညမ်းတဲ့ပြုလုပ်မှုပဲကွ။ သီချင်းနဲ့စကားတွေမှာ ညစ်ညမ်းမှုရှိမရှိ စဉ်းစားတဲ့အခါ သုံးနှုန်းတဲ့အသုံးအနှုန်းပေါ်မှာ မူတည်ပြီးဆုံးဖြတ်ကြရတာကွ..."

**"စိတ်ပြိုငြင်အောင်ဆိုတာက ညစ်ညမ်းတဲ့ပြုလုပ်မှုကိုပြုစေကာမူ၊ ညစ်ညမ်းတဲ့သီချင်းစကားကို သီဆိုပြောဆိုစေကာမူ၊ ပြစ်မှုမမြောက်ဘူးကွ၊ ဘေးသူကို အနှောင့်အယှက်ပေးသလိုဖြစ်ပြီး ဘေးသူက စိတ်ပြိုငြင်မှသာ ဒီပုဒ်မနဲ့အကျုံးဝင်တာကွ"**

"ဒီလိုဆို ပန်းခြံတွေ၊ အပန်းဖြေစခန်းတွေ၊ ရုပ်ရှင်ရုံတွေမှာ ယိုသူမရှက် မြင်သူရှက်စရာ မြင်ကွင်းတွေ တွေ့နေကြတာဟာ ရိုးရိုးသားသားအပန်းဖြေသူတွေအတွက် အနှောင့်အယှက်ဖြစ်၊ စိတ်ပြိုငြင်ကြရလေတော့ အဲဒီပုဒ်မနဲ့ငြိတာပေါ့ကွ"

"တိုင်ကြားသူရှိရင်တော့ ငြိတာပေါ့ကွာ၊ ဒါပေမဲ့ ဘယ်သူကမှ အမုန်းခံပြီး အမှုမဖွင့်ကြပါဘူး။ တစ်ဦးချင်းစီရဲ့ သီးခြားဖြစ်ပွားမှုအပေါ်မှာသာ ခံစားရတဲ့သူတွေက စောစောက ငါပြောသလိုပဲ သက်သေအထောက်အထား ခိုင်ခိုင်မာမာနဲ့ တိုင်ကြားအမှုဖွင့်ရင် အရေးယူခံကြရတာပါကွာ"

"အင်း...လူငယ်တချို့ဟာ တလွဲဆံပင်ကောင်းပြီး အတုယူလွဲမှားနေကြတာကွ"

"ဒါပေါ့ကွာ၊ ဆင်ဆာမဲ့ဗီစီဒီကားတွေကနဲ့ ဖုန်းထဲက သရုပ်ပျက် အရှက်မဲ့မှု၊ ရက်စက်မှုတွေကလဲ လမ်းဘေးက အမှိုက်ပုံတွေအတိုင်း လက်ညှိုးထိုးမလွဲပေါများနေကြတော့ ရက်စက်မှု၊ ရမ်းကားမှု၊ အဓမ္မမှု၊ ခြိမ်းခြောက်လုယက်မှုတွေကို အတုမယူသင့်ဘဲ အတုယူနေကြတာပေါ့ကွာ။ ဒီတော့ကာ မဖြစ်သင့်တဲ့ မှုခင်းတွေ ဖြစ်ပေါ်လာရတာပေါ့သူငယ်ချင်းရာ"

"သိပ်မှန်တာပေါ့ကွာ"

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၆၁၇၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၆၁၇၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၆၂၅၆ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၇၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပန်းနှမ်းနဲ့မုန်ညင်းကို နှစ်စဉ် စိုက်ပျိုးမှုတွေရှိကြပါတယ်။ ပန်းနှမ်းနဲ့မုန်ညင်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲအသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းကာလ မော်လိုက်ခရိုင်မှာ ပန်းနှမ်းနဲ့ မုန်ညင်း ၆၂၅၆ ကေစိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ၆၁၇၄ ကေစိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် မုန်ညင်းနှင့် ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် မုန်ညင်း ၄၅၅ ကေ၊ ပန်းနှမ်း ၁၅၉၉ ကေ၊ ဖောင်းပြင်မြို့နယ်တွင် မုန်ညင်း ၁၉၉၂ ကေ၊ ပန်းနှမ်း ၂၁၂၈ ကေ စုစုပေါင်း ၆၁၇၄ ကေဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် မုန်ညင်းနှင့်ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် မုန်ညင်း ၄၆၄ ကေ၊ ပန်းနှမ်း ၁၆၂၉ ကေနှင့် ဖောင်းပြင်မြို့နယ်တွင် မုန်ညင်း ၁၉၉၂ ကေ၊ ပန်းနှမ်း ၂၁၇၁ ကေ စုစုပေါင်း ၆၂၅၆ ကေဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ပန်းနှမ်းနှင့် မုန်ညင်းစိုက်ပျိုးမှုအနေဖြင့် နှစ်စဉ်ပုံမှန်စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းနှင့် မုန်ညင်းစိုက်ပျိုးမှုကို ကသာနှင့် ကောလင်းတို့တွင် အများစု စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

## အုတ်ဖိုမြို့နယ် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာစိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းစုကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၄၃ ဒသမ ၅၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅ ဒသမ ၁၅ သန်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

### တို့ ပြည်ထောင်စုအိမ် များဂုဏ်ရှိန်နှင့်

\- သင်၏အိမ်ခြံ ဘေးကင်းရန်မှာ
တွေးကြံလှုပ်ရှား အိမ်သားများ၏
အားမာန်လုံ့လ ဝီရိယနှင့်
တက်ကြွညီညာ ရှိနေပါမှ
ဝင်လာသည့်ရန် ပျောက်မည်မှန်သည်
စီမံမှုကောင်း ရှိစေကြောင်း။

\- မိသားတစ်စု စည်းလုံးမှုနှင့်
တွေးရှုလျင်စွာ ကိုယ့်ဝန်တာကို
ညီညာစိတ်ရင်း လက်တွဲခြင်းဖြင့်
ကျော်နင်းသည့်ရန် ပျောက်ရပြန်သည်
အားမာန်ပြည့်ဝ စည်းလုံးကြ၏။

\- ပြည်ထောင်စုအိမ် များဂုဏ်ရှိန်နှင့်
ထိန်ဝါရောင်လင်း နေလမင်းလို
ဝင်းပကြည်လင် မြင်တွေ့ချင်သော်
အသွင်မတူ ကွဲပြားမှုလည်း
ရန်သူအလား ထင်မမှားဘဲ
တစ်သားတည်းမြေ သည်ရေလေမှာ
နေကြသူများ နိုင်ငံသားမို့
စိတ်ထားတူညီ ရှိရမည်။

\- ဘယ်သူခွဲခွဲ သွေးမကွဲဘဲ
မကွဲမပြား သဘောထားနှင့်
အားလုံးညီညာ ရှိနေပါမှ
ချမ်းသာသည့်အိမ် ဂုဏ်ရောင်ထိန်သို့
စိန်စီမြကျောက် ဝင်းလက်တောက်၍
ဝမ်းမြောက်ရွှင်လန်း စဉ်အေးချမ်းမည်
ငြိမ်းချမ်းသာယာ ပြည်မြန်မာ ဟု
နောင်ခါဥဒါန်း တွင်စေအံ့။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတပူတင် နှစ်စဉ်ကျင်းပမြဲ နှစ်ကုန်သတင်းစာရှင်းလင်းပွဲကျင်းပ



**မော်စကို ဒီဇင်ဘာ ၁၉**

ရုရှားသမ္မတပူတင်သည် ၎င်း၏ နှစ်စဉ်ကျင်းပမြဲ နှစ်ကုန်ကာလ သတင်းစာရှင်းလင်းပွဲကို ယနေ့တွင် မော်စကိုမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရုရှားတပ်များ အနေဖြင့် ယူကရိန်းစစ်မြေပြင်၌ စစ်ရေးရည်မှန်းချက်များ ပြည့်မြောက်ရေးအတွက် ဆက်လက်ကြိုးပမ်းနေပြီး ရှေ့တန်းမျဉ်းတစ်လျှောက် စစ်ရေးအရ ဆက်လက်အသာစီးရနေကြောင်း သမ္မတပူတင်က နှစ်ကုန်သတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့သည်။

ပြည်တွင်း ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကို နှစ်ကုန်သတင်းစာရှင်းလင်းပွဲ၌ ဝန်ခံခဲ့သော်လည်း ရုရှားနိုင်ငံ၏စီးပွားရေး တည်ငြိမ်နေဆဲဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယင်းအပြင် ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ယခုနှစ်တွင် လေးရာခိုင်နှုန်းထိရှိလာနိုင်ကြောင်း သမ္မတပူတင်က နှစ်ကုန်သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ယခင်နှစ်များတွင်ကျင်းပခဲ့သော ရုရှားသမ္မတပူတင်၏ နှစ်ကုန်သတင်းစာ ရှင်းလင်းပွဲများမှာ သာမန်အားဖြင့် ပြည်တွင်းရေးကိစ္စများကိုအဓိကပါဝင်ခဲ့သော သတင်းစာရှင်းလင်းပွဲများဖြစ်သည်။

ယခုနှစ် နှစ်ကုန်သတင်းစာ ရှင်းလင်းပွဲတွင် ရုရှားသမ္မတပူတင်သည် ယူကရိန်းစစ်ပွဲအခြေအနေ၊ ရုရှားနှင့် အနောက်အုပ်စုတို့ကြား ဆက်ဆံရေး အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# လိုက်ဘေးရီးယားနိုင်ငံ မွန်ရိုးဗီးယားမြို့၌ လွှတ်တော်အဆောက်အအုံ မီးလောင်မှုဖြစ်ပွား

**မွန်ရိုးဗီးယား ဒီဇင်ဘာ ၁၉**

လိုက်ဘေးရီးယားနိုင်ငံ မွန်ရိုးဗီးယားမြို့၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားနေစဉ် လွှတ်တော်အဆောက်အအုံ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မွန်ရိုးဗီးယားမြို့၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ စတင်ဖြစ်ပွားနေချိန်တွင် လိုက်ဘေးရီးယား လွှတ်တော်အဆောက်အအုံ မီးလောင်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ဖြစ်ပွားခဲ့သည့် လိုက်ဘေးရီးယား လွှတ်တော်မီးလောင်မှုကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့သော လုပ်ရပ်တစ်ခု၏ရလဒ်အဖြစ် လိုက်ဘေးရီးယားအစိုးရက ရှုတ်ချထားသည်။

သို့သော် လက်ရှိအချိန်တွင် လွှတ်တော်အဆောက်အအုံ မီးလောင်ကျွမ်းမှု၏ နောက်ခံအကြောင်းရင်းကို လိုက်ဘေးရီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြဆဲဖြစ်သည်။

လိုက်ဘေးရီးယား အောက်လွှတ်တော်ဥက္ကဋ္ဌကို ဖယ်ရှားမည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မွန်ရိုးဗီးယားမြို့၌ ဒီဇင်ဘာ ၁၇ ရက်မှစ၍ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ စတင်ဖြစ်ပွားခဲ့သည်။

လွှတ်တော် အဆောက်အအုံ မီးလောင်ကျွမ်းမှုမှာ ရှို့မီးကြောင့် စတင်ခဲ့ခြင်းလည်းဖြစ်နိုင်ကြောင်း လိုက်ဘေးရီးယား အမျိုးသားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

Ref : RT

Trs : KKO



# အိန္ဒိယရေတပ်သင်္ဘောတစ်စီး ခရီးသည်တင်ရေယာဉ်ကိုဝင်တိုက်မှုဖြစ်ပွား ရေယာဉ်နစ်မြုပ်မှုကြောင့် အနည်းဆုံး လူ ၁၃ ဦးသေဆုံး

**ဒေလီ ဒီဇင်ဘာ ၁၉**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ကမ်းလွန်ရေပြင်၌ အိန္ဒိယရေတပ်သင်္ဘောတစ်စီးနှင့် ခရီးသည်တင် ရေယာဉ်တစ်စီးတို့ ဒီဇင်ဘာ ၁၈ ရက်တွင်ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူ ၁၃ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အိန္ဒိယရေတပ်သင်္ဘောနှင့်ဝင်တိုက်ခဲ့ရပြီးနောက် ခရီးသည်တင်ရေယာဉ်မှာ တိမ်းမှောက်ခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခရီးသည်တင် ရေယာဉ်ပေါ်တွင် ခရီးသည် ၁၀၀ ကျော်လိုက်ပါလာခဲ့ရာ ၉၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း မွမ်ဘိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယရေတပ်မှ စစ်သင်္ဘောတစ်စီးသည် မွမ်ဘိုင်းဆိပ်ကမ်းအနီး အင်ဂျင်စမ်းသပ်မှု ပြုလုပ်နေစဉ် ရုတ်တရက်အထိန်းအချုပ်လွတ်၍ ခရီးသည်တင် ကူးတို့သင်္ဘောကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်အတွင်းသေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းကြေကွဲရကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ၎င်း၏လူမှုမီဒီယာစာမျက်နှာပေါ်၌ ရေးသားထားသည်။

လက်ရှိအချိန်တွင် အိန္ဒိယရေတပ် ရဟတ်ယာဉ်များနှင့် ရေယာဉ်များက အခင်းဖြစ်ရာနေရာ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်း အိုယိုပြည်နယ်၌ လူပြိုမှုဖြစ်ပွား အနည်းဆုံး ကလေး ၃၂ ဦး သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၁၉**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်း အိုယိုပြည်နယ်၌ ဒီဇင်ဘာ ၁၈ ရက်က လူပြိုမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ကလေး ၃၀ ကျော်သေဆုံးခဲ့သည်။

အဆိုပါလူပြိုမှုသည် အိုယိုပြည်နယ် အိုင်ဘာဒန်းမြို့ စာသင်ကျောင်းတစ်ကျောင်း၌ ကျင်းပခဲ့သည့် ကလေးပွဲတော်တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လူပြိုမှုကြောင့် အနည်းဆုံး ကလေး ၃၂ ဦး သေဆုံးခဲ့ရပြီး ဒဏ်ရာရသူများလည်းရှိကြောင်း နိုင်ဂျီးရီးယား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လူပြိုမှုအတွင်း သေဆုံးခဲ့ရသူနှင့် ဒဏ်ရာရရှိသူအရေအတွက် အတိအကျကို ထုတ်ပြန်နိုင်ရေးအတွက် နိုင်ဂျီးရီးယားအာဏာပိုင်များက ကြိုးစားလျက်ရှိသည်။

လက်ရှိအချိန်တွင် လူပြိုမှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို နိုင်ဂျီးရီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

လူပြိုမှုနှင့်ပတ်သက်၍ ကလေးပွဲတော်စီစဉ်သူများကို အိုယိုပြည်နယ်တာဝန်ရှိသူများက ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များထိန်းချုပ်ထားသော ယီမင်နိုင်ငံဆိပ်ကမ်းများနှင့် စွမ်းအင်ကဏ္ဍအခြေခံအဆောက်အအုံများကို အစ္စရေးလေတပ်တိုက်ခိုက်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၉**

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များထိန်းချုပ်ထားသော ယီမင်နိုင်ငံဆိပ်ကမ်းများနှင့် စွမ်းအင်ကဏ္ဍအခြေခံအဆောက်အအုံများကို အစ္စရေးတပ်မတော်က ယနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်ပစ်မှတ်များကို တိုက်ခိုက်ရာတွင် အစ္စရေးလေတပ်မှ တိုက်လေယာဉ် ၁၄ စင်းနှင့် အခြားစစ်လေယာဉ်များပါဝင်ခဲ့ပြီး နှစ်သုတ်ခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ပထမအသုတ် စစ်လေယာဉ်များသည် ဆာလစ်ဖ်ဆိပ်ကမ်းနှင့် ရက်စ်အီဆာဆိပ်ကမ်းတို့ကို တိုက်ခိုက်ခဲ့ပြီး ဒုတိယအသုတ်စစ်လေယာဉ်များကမူ ဆာနားမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အစ္စရေးလေကြောင်း တိုက်ခိုက်မှုများကြောင့် ဆာလစ်ဖ်ဆိပ်ကမ်းနှင့်ရက်စ်အီဆာဆိပ်ကမ်းတို့၌ စုစုပေါင်း လူကိုးဦး သေဆုံးခဲ့ရကြောင်းဟူသီအုပ်စုက သတင်းထုတ်ပြန်ထားသည်။

ဟူသီသူပုန်အုပ်စုသည် ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် တစ်နှစ်ကျော်ကြာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ယင်းအပြင် ယီမင်သူပုန်အုပ်စုသည် ပင်လယ်နီရေလမ်းကြောင်းကိုဖြတ်၍ အစ္စရေးသို့ သွားနိုင်ဖွယ်ရှိသော နိုင်ငံတကာကုန်တင်သင်္ဘောများကိုလည်း တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space One ကုမ္ပဏီက ကိုင်းရော့စ်-၂ ဒုံးပျံကို ဒုတိယအကြိမ်လွှတ်တင်ခဲ့ရာ ထပ်မံပေါက်ကွဲပျက်စီး



**တိုကျို ဒီဇင်ဘာ ၁၉**

ဂျပန်နိုင်ငံအခြေစိုက် ပုဂ္ဂလိက အာကာသ နည်းပညာကုမ္ပဏီ တစ်ခုဖြစ်သည့် Space One ကုမ္ပဏီသည် ဒီဇင်ဘာ ၁၈ ရက်တွင် ကိုင်းရော့စ်-၂ ဒုံးပျံကို ဒုတိယအကြိမ် လွှတ်တင်ခဲ့ရာ ထပ်မံပေါက်ကွဲပျက်စီးခဲ့ကြောင်း သိရသည်။

Space One ကုမ္ပဏီသည် ကိုင်းရော့စ်-၂ ဒုံးပျံကို ကူချီမိုတို ဝါကာယာမာစီရင်စု ကီအီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လွှတ်တင်ပြီး သုံး မိနစ်ခန့်အကြာ ကမ္ဘာမြေအထက် အမြင့် ၆၂ မိုင်အရောက်တွင် ကိုင်းရော့စ်-၂ ဒုံးပျံမှာ ပေါက်ကွဲခဲ့ရသည်။

ကိုင်းရော့စ်-၂ မစ်ရှင် မအောင်မြင်မှုကြောင့် ဒုံးပျံသယ်ဆောင်သွားသည့် ဂြိုဟ်တုငယ် ငါးစင်းကိုလည်း Space One ကုမ္ပဏီက ဆုံးရှုံးခဲ့ရသည်။

Space One ကုမ္ပဏီသည် ယခုနှစ် မတ်လတွင် ကိုင်းရော့စ်-၂ ဒုံးပျံကို ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီးမကြာမီမှာပင် ပေါက်ကွဲခဲ့ရသည်။

Space One ကုမ္ပဏီသည် ကမ္ဘာပတ်လမ်းပေါ်သို့ ဂြိုဟ်တု လွှတ်တင်နိုင်သည့် ပထမဆုံးဂျပန်ကုမ္ပဏီအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းနေသော ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးနှစ်ဦးက တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ထွက်ခွာ

**ပေကျင်း ဒီဇင်ဘာ ၁၉**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးနှစ်ဦးသည် ဒီဇင်ဘာ ၁၇ ရက်တွင် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့ကြကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁၇ ရက် အာကာသစခန်း ပြင်ပထွက်ခွာမှုအတွင်း တရုတ်အာကာသယာဉ်မှူး ကိုင်ရှုကျိနှင့် ဆောင်လန်တန်းသည် တီယန်ကောင်း အာကာသစခန်းအတွက် အာကာသအမှိုက်ကာကွယ်ရေးစနစ်နှင့် အခြားလိုအပ်သည့်စနစ်များကို တပ်ဆင်ပေးခဲ့ကြသည်။

တရုတ် အာကာသယာဉ်မှူးနှစ်ဦး တီယန်ကောင်းအာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ကိုးနာရီကျော်ထိရှိခဲ့ရာ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)ယာဉ်မှူး၏ အာကာသ



ဟင်းလင်းပြင်အတွင်းသို့ အချိန်အကြာမြင့်ဆုံး ထွက်ခွာမှုစံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။

၂၀၀၁ခုနှစ် မတ်လတွင် နာဆာ အာကာသယာဉ်မှူး ဂျိမ်းစ်ဗော့ခ်နှင့် ဆူတန်ဟမ်းစ်သည် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ၈ နာရီ ၅၆ မိနစ်ကြာ ထွက်ခွာခဲ့ရာ အာကာသဟင်းလင်းပြင်အတွင်းသို့ အချိန်အကြာမြင့်ဆုံး ထွက်ခွာမှုစံချိန်ကို တင်ခဲ့သည်။

ဒီဇင်ဘာ ၁၇ ရက်မစ်ရှင်သည် ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများအတွက် ပထမဆုံးတီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာမှုဖြစ်သည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦးသည် အောက်တိုဘာ ၂၉ ရက်တွင် ခြောက်လကြာ မစ်ရှင်အတွက်တီယန်ကောင်းအာကာသစခန်းပေါ်သို့စတင်ရောက်ရှိခဲ့ကြသူများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Space-X ကုမ္ပဏီက SES ဂြိုဟ်တုကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို အောင်မြင်စွာလွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဒီဇင်ဘာ ၁၈ ရက်တွင် လူဇင်ဘတ်နိုင်ငံ အခြေစိုက် SES ဂြိုဟ်တုကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

63b m Power-7 နှင့် 63b m Power-8 အမည်ရှိ အထက်ပါ ဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၁၃ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် 63b m Power-7 နှင့် 63b m Power-8 ဂြိုဟ်တုနှစ်စင်းကို တစ်စင်းနှင့်တစ်စင်း ခုနစ်မိနစ်စီ ခြား၍ ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံသည် အဆိုပါ ဂြိုဟ်တုနှစ်စင်းကို ကမ္ဘာမြေပြင်အထက် မိုင် ၅၀၀၀ ခန့် အကွာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

Space-X ကုမ္ပဏီသည် SES ကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တု ခြောက်စင်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကြားကာလတွင် မစ်ရှင်သုံးခုခွဲ၍ လွှတ်တင်ပေးခဲ့ပြီးဖြစ်သည်။

SES ကုမ္ပဏီသည် ဆက်သွယ်ရေးဂြိုဟ်တုများကို ၁၁ စင်းထိ လွှတ်တင်ရန်စီစဉ်ထားပြီး လက်ရှိတွင် ရှစ်စင်းထိ လွှတ်တင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကွန်ဂိုနိုင်ငံ၌ ကူးစက်ဖြစ်ပွားနေသော ရောဂါတစ်မျိုးကို ဆေးပညာရှင်များ ဖော်ထုတ်နိုင်ခဲ့

**ကင်ရှာဆာ ဒီဇင်ဘာ ၁၉**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကူးစက်ဖြစ်ပွားနေသော အမည်မသိရောဂါတစ်မျိုးကို ဆေးပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ယခုနှစ် အောက်တိုဘာလအတွင်းမှစ၍ ကွန်ဂိုနိုင်ငံအနောက်တောင်ပိုင်း ကဝန်ဂိုပြည်နယ်၌ အမည်မသိရောဂါတစ်မျိုးကူးစက်ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၄၃ ဦး သေဆုံးခဲ့ရသည်။

အဆိုပါရောဂါကို ကဝန်ဂိုပြည်နယ်၌ လူပေါင်း ၅၉၂ ဦးထိ ခံစားခဲ့ရပြီး အသက်ဆုံးရှုံးမှုနှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းထိရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုအရ သိရသည်။

ကျွမ်းကျင်သူများ၏ စစ်ဆေးတွေ့ရှိချက်အရ ၎င်းရောဂါသည် အလွန်ပြင်းထန်သည့် ငှက်ဖျားရောဂါပုံစံတစ်မျိုး ဖြစ်သည်ဟု ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖြည့်ဆည်းပေးထားသော ငှက်ဖျားရောဂါဆေးများကို ကဝန်ဂိုပြည်နယ်အတွင်း စတင်ဝေငှနေကြောင်း သိရသည်။

ငှက်ဖျားရောဂါပုံစံ တစ်မျိုး ခံစားရသူများအနက် အများစုမှာ အသက် ၁၄ နှစ်အောက် ကလေးများဖြစ်ကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## သွေးကင်ဆာတစ်မျိုးကို အမျှင်ဓာတ်ကြွယ်ဝသည့် အစားအစာများစားခြင်းဖြင့် ထိန်းထားနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၉**

အမျှင်ဓာတ် ကြွယ်ဝသည့် အပင်ထွက်အစားအစာများ စားသုံးခြင်းဖြင့် Multiple Myeloma ခေါ် သွေးကင်ဆာတစ်မျိုးကို ထိန်းထားနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Multiple Myeloma သွေးကင်ဆာရောဂါသည် ပလပ်စမာဆဲလ်အမည်ရှိ သွေးဖြူဆဲလ်တစ်မျိုး၌ ဖြစ်ပွားတတ်သော သွေးကင်ဆာ ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

Multiple Myeloma သွေးကင်ဆာရောဂါ ဖြစ်ပွားပါက ကင်ဆာဆဲလ်များအဖြစ် ပြောင်းလဲသွားသော ပလပ်စမာဆဲလ်များမှာ ရိုးတွင်းခြင်ဆီများထဲ၌ စုစည်းလာတတ်သည်။

သို့ရာတွင် အမေရိကန် ကင်ဆာသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမျှင်ဓာတ်ပါဝင်သည့် အပင်ထွက်အစားအစာများမှာ Multiple Myeloma သွေးကင်ဆာရောဂါ အခြေအနေဆိုးလာမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Multiple Myeloma လူနာဦးရေ ၂၀ တို့ကို အမျှင်ဓာတ်ကြွယ်ဝသည့် အပင်ထွက်အစားအစာများ တိုက်ကျွေးစမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အမျှင်ဓာတ် ကြွယ်ဝသည့် အပင်ထွက် အစားအစာများသည် ကိုလက်စထရောမြင့်မားမှု၊ သွေးဖိအားမြင့်မားမှု စသည့်ပြဿနာများကို ကုစားပေးနိုင်သည့်အပြင် ကင်ဆာရောဂါတချို့ကို တားဆီးရာတွင်လည်း အထောက်အကူပြုကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# JLPGA ၏ Rookie of the Year Award ကို လီယိုဆောင်း ဆွတ်ခူး

ဆိုးလ် ဒီဇင်ဘာ ၁၉

ဂျပန်ပရော်ဖက်ရှင်နယ် အမျိုးသမီး ဂေါက်သီးရိုက်အသင်း (JLPGA)က ၂၀၂၄ ခုနှစ်အတွက် Rookie of the Year Award ကို တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် လီယိုဆောင်းက ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အသက် ၁၆ နှစ်အရွယ်သာရှိသေးသည့် လီယိုဆောင်းအနေဖြင့် ဂျပန်ပရော်ဖက်ရှင်နယ် အမျိုးသမီး ဂေါက်သီးရိုက်အသင်း (JLPGA) ၏ Rookie of the Year Award ကို ရရှိသည့် အသက်အငယ်ဆုံး ဂေါက်သီးရိုက်မယ် အဖြစ်လည်းမှတ်တမ်းဝင်ခဲ့သည်။

JLPGA ၏ Tour များတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မျက်နှာသစ် ဂေါက်သီးရိုက်မယ်များအနက် တစ်နှစ်တာအတွင်း အောင်မြင်မှုအများဆုံးရရှိသည့် ကစားသမားအား ရွေးချယ်သည့်ဆုဖြစ်ပြီး လီယိုဆောင်းသည် JLPGA Tour ၏ အဓိကပြိုင်ပွဲကြီးလေးရပ်တွင် ပါဝင်သည့် Salon Pas Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မျှော်လင့်မထားဘဲ နာမည်ကြီးကစားသမားအချို့ကိုကျော်ဖြတ်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် Rookie of the Year Award ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လီယိုဆောင်းသည် အသက် ၁၅ နှစ် ၁၇၆ ရက်အရွယ်ဖြင့် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကသို့ ဝင်ရောက်လာခဲ့သူဖြစ်ပြီး JLPGA Tour တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

လီယိုဆောင်းက "ဒီဆုဟာ ကျွန်မအတွက် အထူးဆုတစ်ဆု ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပရော်ဖက်ရှင်နယ်လောကကို စတင်ဝင်ရောက်လာတော့ တောင်ကိုရီးယားပရော်ဖက်ရှင်နယ် အမျိုးသမီး ဂေါက်သီးရိုက်အသင်း (KLPGA)မှာ စတင် ဝင်ရောက်ယှဉ်ပြိုင်မယ့်အစား ဂျပန်ပရော်ဖက်ရှင်နယ် အမျိုးသမီး ဂေါက်သီးရိုက်အသင်း (JLPGA) မှာ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တယ်။ ကျွန်မအနေနဲ့ ဘဝမှာ တစ်ကြိမ်သာ ပိုင်ဆိုင်ခွင့်ရမယ့် ဒီဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ကျွန်မရဲ့ ပရော်ဖက်ရှင်နယ်ဘဝဟာ တာထွက်ကောင်းခဲ့ပြီလို့ ဆိုနိုင်တယ်။ ဒီထက်ပိုပြီးတော့ ရလဒ်တွေ ကောင်းလာအောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ၂၀၂၄ ခုနှစ် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပွဲအများဆုံးကစားခဲ့သည့် ကစားသမားစာရင်းတွင် ဘာစီလိုနာခံစစ်ကစားသမား ခွန်ဒီ၊ လေဗာကူဆင် ကွင်းလယ်ကစားသမား ရှာကာ၊ ရီးရဲလ်မက်ဒရစ်ကစားသမား ဗယ်ဗာဒီတို့ ထိပ်ဆုံးတွင် အစဉ်လိုက်ရပ်တည်လျက်ရှိသည်။
- စပါးအသင်းက ကွင်းလယ်ကစားသမား ဖရာတက်ဆီကို ရာသီဝက် အငှားစာချုပ်ဖြင့်ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ အင်တာမီလန်အသင်းက အပြီးသတ်ဝယ်ယူခွင့်ပါရှိမှသာ လက်လွှတ်မည်ဖြစ်ကြောင်း သိရသည်။
- ဇန်နဝါရီလမှစတင်ကာ ဘာစီလိုနာအသင်းနည်းပြ ဖလစ်၏ နည်းပြအဖွဲ့တွင် ပါဝင်သွားမည်ဖြစ်ကြောင်း အယ်ကန်တာရာက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# ပါချူအာအသင်းကို ဂိုးပြတ်အနိုင်ယူ၍ ရီးရဲလ်မက်ဒရစ်အသင်း ချန်ပီယံဆုဆွတ်ခူး



ဒိုဟာ ဒီဇင်ဘာ ၁၉

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် FIFA Intercontinental Cup ဖလားပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းက မက္ကဆီကိုကလပ် ပါချူအာအသင်းကို သုံးဂိုးပြတ်အနိုင်ယူ၍ ဆုဖလားဆွတ်ခူးခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ပါချူအာအသင်းကို ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့ပြီး တရစပ်တိုက်စစ်ဆင်ခဲ့ရာ ပွဲကစားချိန် ၃၇ မိနစ်အရောက်တွင် အမ်ဘာပီက အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ရာ ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် ပါချူအာအသင်းက တန်ပြန်တိုက်စစ်ဖြင့် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ပွဲချိန် ၅၃ မိနစ်တွင် ရိုဒရီဂိုက ဒုတိယသွင်းဂိုး၊ ပွဲချိန် ၈၄ မိနစ်တွင် ဗင်နီစီးယက်စ်က တတိယဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည်။

ထို့ပြင် အသင်းအား ဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြ အန်ဆယ်လော့တီသည်လည်း နည်းပြသဝတွင် ဆုဖလားအများဆုံးရရှိသည့် နည်းပြဖြစ်ခဲ့ပြီး ၎င်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား နှစ်ကြိမ်၊ ယူအီးအက်ဖ်အေဖလားသုံးကြိမ်၊ စပိန်ဘုရင့်ဖလား နှစ်ကြိမ်၊ စပိန်လာလီဂါဖလားနှစ်ကြိမ်၊ လာလီဂါဖလားနှစ်ကြိမ် နှင့် တိုက်ကြီးများဖလား တစ်ကြိမ် ရယူပေးခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# ဂျီးဆပ်၏ ဟက်ထရစ်ဂိုးဖြင့် အာဆင်နယ်အသင်း ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့

လန်ဒန် ဒီဇင်ဘာ ၁၉

ကွာရာဘောင်းဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းက တိုက်စစ်မှူး ဂျီးဆပ်၏ ဟက်ထရစ်ဂိုးကြောင့် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

တိုက်စစ်မှူး ဂျီးဆပ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံရှစ်ပွဲသာ ပွဲထွက်ကစားခွင့် ရရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် ပွဲထွက်ခွင့်ရရှိခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပွဲအစ လေးမိနစ်တွင် ပဲလေ့စ်အသင်း၏ ဦးဆောင်ဂိုးကြောင့် အခက်တွေ့ခဲ့သည်။



ဒုတိယပိုင်း၌ အာဆင်နယ်အသင်းက ကစားအားကောင်းလာခဲ့ရာ ပွဲချိန် ၅၄ မိနစ်၊ ပွဲချိန် ၇၃ မိနစ်၊ ပွဲချိန် ၈၁မိနစ်တို့တွင် တိုက်စစ်မှူး ဂျီးဆပ်က ဟက်ထရစ်ဂိုးသွင်းယူ၍ အသင်းကို ဆီမီးဖိုင်နယ်အဆင့်သို့ပို့ဆောင်ခဲ့သည်။

ကွာတားဖိုင်နယ် အခြားပွဲစဉ်များတွင် နယူးကာဆယ်အသင်းက ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့သည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များကို လာမည့် ဇန်နဝါရီလတွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်းအဝေးကွင်း နှစ်ကျော့ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# 2024 Next Gen ATP Finals အုပ်စုအဆင့်ပွဲစဉ်တွင် ပြင်သစ်တင်းနစ်ကစားသမား ဗန်အက်ချိုက ဂျန်ချန်ရှန်းကို အနိုင်ရရှိ

ဂျဒ်ဒါ ဒီဇင်ဘာ ၁၉

ဆော်ဒီအာရေးဗျနိုင်ငံ ဂျဒ်ဒါမြို့တွင် ကျင်းပနေသည့် 2024 Next Gen ATP Finals အုပ်စုအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ပြင်သစ်တင်းနစ်ကစားသမား ဗန်အက်ချိုနှင့် တရုတ်တင်းနစ်ကစားသမား ဂျန်ချန်ရှန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဗန်အက်ချိုက (၄-၃၊ ၂-၄၊ ၄-၁၊ ၄-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အုပ်စုတွင်း ပတ်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စုတွင်း ဒုတိယပွဲစဉ်အဖြစ် ဂျန်ချန်ရှန်းက အမေရိကန် တင်းနစ်ကစားသမား ဘာဆာဗာရက်ဒ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ဗန်အက်ချိုက အမေရိကန်တင်းနစ်ကစားသမား မစ်ချဲဆန်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အသက် ၁၉ နှစ်အရွယ် ဂျန်ချန်ရှန်းသည် Next Gen ATP Finals ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သော်လည်း လက်ရှိ ကမ္ဘာ့အဆင့် (၅၀) နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်သည်။

ဗန်အက်ချိုက "တကယ်ကို ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ဂျန်ချန်ရှန်းဟာ မယုံနိုင်လောက်အောင်ကောင်းတဲ့ ကစားသမားတစ်ယောက်ပါ။ ကမ္ဘာ့အဆင့် ၅၀ အတွင်းဝင်နေတဲ့ ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်တဲ့အတွက် ခက်ခဲမယ်ဆိုတာ မျှော်လင့်ပြီးသားပါ။ ခက်ခဲတဲ့ပွဲစဉ်မှာ အကောင်းဆုံးပုံစံနဲ့ အနိုင်ကစားနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အုပ်စုတွင်း ဒုတိယပွဲစဉ်မှာလဲ အခုလို ရလဒ်ကောင်းရအောင် ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ရီးရဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် ဆုဖလားအများဆုံးရရှိခဲ့သည့်ကစားသမားအဖြစ် မိုဒရစ် စံချိန်သစ်တင်



**မက်ဒရစ် ဒီဇင်ဘာ ၁၉**

ရီးရဲလ်မက်ဒရစ်အသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်သည် အသင်းနှင့်အတူ FIFA Inter-continental Cup ဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် ဆုဖလားအများဆုံး ရရှိထားသည့် ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိနေပြီဖြစ်သည့် မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းထံ မပြောင်းရွှေ့မီက စပါးအသင်းတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ ကစားခဲ့သော်လည်း ဆုဖလားတစ်လုံးမျှ ဆွတ်ခူးနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ဆုဖလားများစွာကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာ ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ စပိန်လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလား၊ စပိန်စူပါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ ဥရောပစူပါဖလား၊ ကလပ်ကမ္ဘာ့ဖလား အစရှိသည့် ဆုဖလားများအပါအဝင် စုစုပေါင်း ဆုဖလား ၂၈ ကြိမ်ထိရရှိခဲ့ပြီးနောက် ဆုဖလားအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် ဆုဖလားအများဆုံး ကစားသမားစာရင်းတွင် မိုဒရစ်၏နောက်၌ ကာဗာဂျယ်က ၂၇ ကြိမ်၊ နာချိုက ၂၆ ကြိမ်၊ မာဆယ်လိုက ၂၅ ကြိမ်နှင့် ဘင်ဇီးမားက ၂၅ ကြိမ်ဖြင့် အသီးသီး ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# ရက်ရှ်ဖို့ဒ်က ပရီးမီးယားလိဂ်ကလပ်အသင်းများထံ ပြောင်းရွှေ့မည်မဟုတ်ဘဲ စပိန်ကလပ်အသင်းများထံသာ ပြောင်းရွှေ့ကစားလိုသည်ဟု အတည်ပြုပြောကြား



**မန်ချက်စတာ ဒီဇင်ဘာ ၁၉**

မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ရက်ရှ်ဖို့ဒ်က စိန်ခေါ်မှု အသစ်များအတွက် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး ပရီးမီးယားလိဂ် ကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ဘဲ စပိန်လာလီဂါကလပ်အသင်းများထံ ပြောင်းရွှေ့ကစားလိုသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က စတင်ပါဝင်ကစားခဲ့ကာ ကစားသမားဘဝအစပိုင်းက အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ခြင်းကြောင့် ထိပ်တန်းကစားသမား တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက စတင်ပြီး ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း နည်းပြဟောင်း တန်ဟတ်လက်အောက်တွင် ရာသီအစပိုင်းက ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ဆက်လက်ရုန်းကန်နေရပြီး လက်ရှိ နည်းပြအာမိုရင်လက်အောက်တွင် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့သည့်အပြင် ပြီးခဲ့သည့် မန်ချက်စတာ ဒါဘီပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် နည်းပြအာမိုရင်က လေ့ကျင့်ရေးကွင်း နည်းစနစ်များကြောင့် ရက်ရှ်ဖို့ဒ်ကို အသင်းကစားသမားစာရင်းမှပင် ချန်လှပ်ခဲ့ပြီးနောက် အနာဂတ်မှာ ပိုမိုမရေမရာဖြစ်လာခဲ့သည်။

ရက်ရှ်ဖို့ဒ်က မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်အပြီးတွင် အင်တာဗျူးအစီအစဉ်၌ မိမိအနေဖြင့် စိန်ခေါ်မှုအသစ်များရင်ဆိုင်ရန်အတွက် အသင့်ဖြစ်နေပြီဖြစ်ပြီး မန်ယူအသင်းမှ ထွက်ခွာခဲ့ပါက ပရီးမီးယားလိဂ် ကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ဘဲ စပိန်လာလီဂါတွင်သာ သွားရောက်ကစားလိုနေသည်ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မိုနာကိုနှင့်ပွဲစဉ်တွင် ဂိုးသမားဒွန်နာရမ်မာ ဒဏ်ရာရရှိခဲ့ကြောင်း ပီအက်စ်ဂျီအသင်း ထုတ်ပြန်ကြေညာ

**ပဲရစ် ဒီဇင်ဘာ ၁၉**

ပြင်သစ်လီဂူး အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၆ လက်ကျန်ပွဲစဉ်အဖြစ်ကစားခဲ့သည့် မိုနာကိုအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် ဂိုးသမားဒွန်နာရမ်မာ မျက်နှာထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

ဂိုးသမား ဒွန်နာရမ်မာသည် ပွဲကစားချိန် ၁၇ မိနစ်အရောက်တွင် မိုနာကို ခံစစ်ကစားသမား ဆင်နီနှင့် ဘောလုံးယှဉ်လုစဉ် မျက်နှာကို ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့၍ အသင်းဖော်ဂိုးသမား ဆာဖိုနို့စ်နှင့် လူစားလဲခဲ့ရပြီး ကစားပုံကြမ်းခဲ့သည့် ဆင်နီအနေဖြင့် အဝါကတ်ပြစ်ဒဏ်သာ ပြသခံရသည်။

လက်ရှိတွင် ဒွန်နာရမ်မာကို လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်နေသော်လည်း ဒဏ်ရာပြင်းထန်သည့်အတွက် ရက်အနည်းငယ် အနားယူရမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းက ထုတ်ပြန်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် မိုနာကိုအသင်းကို ဒိုအီ၊ ဒမ်ဘီလီ၊ ဂွန်ကာလိုရာမို့စ်တို့၏ သွင်းဂိုးများဖြင့် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ အဆင့် ၂ နေရာမှ မာဆေးအသင်းကို ရမှတ် ၁၀ မှတ်ထိ ဖြတ်တောက်၍ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

Ref : ESPN

Trs : ML

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) ပွဲကြိုသုံးသပ်ချက်

STA

**အေဗီလာ Vs မန်စီးတီး**

ကစားမည့်ရက်/အချိန် ၂၁-၁၂-၂၀၂၄ (ည ၀၇:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မန်စီးတီး ၄ - ၁ အေဗီလာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| မန်စီးတီး | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |

အေဗီလာအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ ပြီးခဲ့တဲ့ပွဲစဉ်မှာ နော်တင်ဟမ်အသင်းကိုတောင် အရေးနိမ့်ခဲ့ပါတယ်။ ပြိုင်ပွဲစုံ ၁၁ ပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားတဲ့ မန်စီးတီးအသင်းအတွက် ဖိအားတွေအောက်ကရုန်းထွက်နိုင်ဖို့အတွက် နိုင်ပွဲလိုအပ်နေပါတယ်။ ဒါ့ကြောင့် မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - အေဗီလာ ၁ - ၂ မန်စီးတီး

## စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၈) ပွဲကြိုသုံးသပ်ချက်

STA

**ဘာစီလိုနာ Vs အေတီကို**

ကစားမည့်ရက်/အချိန် ၂၂-၁၂-၂၀၂၄ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေတီကို ၀ - ၃ ဘာစီလိုနာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |
| အေတီကို | - | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

ဘာစီလိုနာအသင်းအတွက် အခုပွဲစဉ်မှာသာရှုံးနိမ့်ခဲ့ရင် အမှတ်ပေးဇယားထိပ်ဆုံးက ဖယ်ပေးရနိုင်တဲ့အခြေအနေကြောင့် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ အေတီကိုအသင်းကလဲ ပုံစံကောင်းတွေ ဆက်တိုက်ပြသထားတယ်ဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘာစီလိုနာ ၂ - ၁ အေတီကို

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၅) ပွဲကြိုသုံးသပ်ချက်များ

STA

**ဖရန့်ဖက် Vs မိန့်ဇ်**

ကစားမည့်ရက်/အချိန် ၂၁-၁၂-၂၀၂၄ (ည ၀၉:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရန့်ဖက် ၁ - ၀ မိန့်ဇ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖရန့်ဖက် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| မိန့်ဇ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ဖရန့်ဖက်အသင်းအတွက် အိမ်ကွင်းမှာ နိုင်ပွဲရှာဖွေဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ မိန့်ဇ်အသင်းကလဲ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းကိုတောင် အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဖရန့်ဖက်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဖရန့်ဖက် ၂ - ၀ မိန့်ဇ်

**လေဗာကူဆင် Vs ဖရိုင်းဘတ်**

ကစားမည့်ရက်/အချိန် ၂၁-၁၂-၂၀၂၄ (ည ၁၂:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရိုင်းဘတ် ၂ - ၃ လေဗာကူဆင်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဖရိုင်းဘတ် | - | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရရှိထားတဲ့ လေဗာကူဆင်အသင်းရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ အဝေးကွင်း နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ဖရိုင်းဘတ်အသင်းကလဲ အဝေးကွင်းပွဲစဉ်တွေမှာ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ လေဗာကူဆင်အသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ် - လေဗာကူဆင် ၃ - ၁ ဖရိုင်းဘတ်

# ကျန်းမာရေးလိုက်စားမှုနှင့် လူငယ်ဘဝဖွံ့ဖြိုးတိုးတက်ရေး

မြမဥ္ဇူဝေ(ကျုံမငေး)

လူငယ်ဟူသည် အသက်အရွယ်အားဖြင့် ငယ်ရွယ်သူများဖြစ်ပြီး လူငယ်စိတ်နှင့်အတူ ပင်ကိုသဘာဝအရ ရှင်သန်ခြင်း၊ ဖွံ့ဖြိုးကြံ့ခိုင်ခြင်းတို့သည် ဖြစ်မြဲသော သဘာဝကပေးသည့် မွေးရာပါပင်ကို အရည်အချင်းများပင်ဖြစ်သည်။ သို့သော် အများထဲမှ အချို့သောလူငယ်များတွင် မျိုးရိုးဗီဇကြောင့် မွေးရာပါချို့ယွင်းချက်ရှိခြင်း၊ မိခင်ဝမ်း၌ပင် ကိုယ်အင်္ဂါပြည့်စုံမှုမရှိဘဲ ဝေဒနာတစ်ခုခုပါလာခြင်းဆိုသော မလိုချင်၊ မတောင့်တပါဘဲနှင့် ဇာတိအစမှ သူတို့ဘဝအတွက် ချို့ယွင်းချက်နှင့် ဖြစ်လာရ၏။ ထိုကလေးငယ်များသည် ကျန်းမာရေးညံ့သူများအဖြစ် လူ့ဘဝသို့ရောက်ခဲ့ရသည်။ အချို့ကလေးငယ်များသည် မိခင်ဝမ်းတွင်း၌ပင် ကျန်းမာသန်စွမ်းသည့်အတွက် ဘဝအစမှာပင် ကျန်းမာသန်စွမ်းခြင်းနှင့် ပြည့်စုံကြသည်။

ကျန်းမာရေးသည် လူဖြစ်ရန်သန္ဓေတည်စမှ မိခင်၏စောင့်ရှောက်မှု၊ ကျန်းမာရေးလိုက်စားမှုကြောင့် ကျန်းမာရေးကောင်းသောဘဝနှင့် လူ့ဘဝကို စတင်နိုင်ခဲ့သည်။ လူသားတစ်ဦးအနေဖြင့် အရွယ်သုံးပါးကို ရင်ဆိုင်ကြုံတွေ့ရမြဲဖြစ်၏။ ထိုအရွယ်သုံးပါးတွင် ပထမအရွယ် အသက် ၂၅ နှစ်အတွင်းသည် ပညာရှာသည့်အရွယ်ဖြစ်ပြီး ကလေးဘဝကို ကျော်လွန်၍ လူငယ်ဘဝထဲမှ အချိန်ကာလ။ ဒုတိယအရွယ် အသက် ၅၅ နှစ်ထိ ဥစ္စာရှာ၍ မိမိဘဝတိုးတက်ရန်နေထိုင်ရင်း စီးပွားရှာရသော အချိန်ကာလ။ တတိယအရွယ် အသက် ၅၅ နှစ်ကျော်မှ အရွယ်လွန်လူအိုဘဝ ကုသိုလ်ဘာဝနာပွားနေထိုင်ရမည့်အချိန်ကာလဆိုသည့် အရွယ်သုံးပါးကို ကျန်းမာရေးကောင်းမွန်ခြင်းနှင့် ဖြတ်သန်းရမည်ဖြစ်သည်။ ဤသို့ဆိုသော် လူသားတစ်ဦးအတွက် ကျန်းမာရေးသည် အဓိကဟုဆိုရမည်ဖြစ်သည်။ ထို့ကြောင့် လူသားတစ်ဦး၏ ဘဝခရီးစဉ်တွင် ကျန်းမာရေးနှင့်သက်ဆိုင်သော ကိစ္စကြီးငယ်များကို ကြုံဆုံကြရမြဲဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ကလေးဘဝတွင် ကျန်းမာရေးကိစ္စဖြင့်ရောဂါခံစားရမှုသည် လူကြီးမိဘများ၏ ကျန်းမာရေးသတိပေါ့ဆမှုကြောင့်ဟုဆိုရပါမည်။ ဥပမာ-အမှတ်တမဲ့နေမိသောကြောင့် ကလေးငယ်တွင် ဆုံဆို့မေးခိုင်ရောဂါ၊ ပိုလီယိုရောဂါကဲ့သို့ ရာသီကာလအလိုက်ဖြစ်တတ်သောရောဂါများ ဖြစ်လာတတ်၏။ ထိုအခါ ကျန်းမာရေးဌာန၏လမ်းညွှန်မှုဖြင့် ကလေးငယ်ကို ကုသခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ ပြုကြရန် သတိရှိရပါမည်။

လူငယ်ဘဝဆယ်ကျော်သက်အရွယ်သည် မိခင်၏စောင့်ရှောက်မှုမကင်းသေးသောအရွယ် တစ်နည်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဗဟုသုတအားနည်းနေသေးသောအရွယ်ဖြစ်၍ မိဘ၌ တာဝန်ရှိသည်။ ထိုလူငယ်သည် ဆယ်ကျော်သက်ဟုခေါ်သောကလေးဘဝမှ လူငယ်ဘဝသို့ ကူးပြောင်းစဖြစ်၍ ခန္ဓာကိုယ်အစိတ်အပိုင်းပြောင်းလာမှုအရ အပျိုဖော်၊ လူပျိုဖော်ဝင်ရန်အချိန်သည် ပြောင်းလဲမှုမျိုးစုံဖြစ်လာသဖြင့် ခန္ဓာကိုယ်ဖွံ့ဖြိုးလာခြင်း၊ စိတ်နေသဘောထားပြောင်းလဲလာခြင်း၊ ဆန့်ကျင်ဘက်ကို စိတ်ဝင်စားလာခြင်း၊ ယောက်ျားလေးများ အသံပြောင်းလာခြင်း၊ အရာရာကို သိချင်စိတ်ဖြင့် စူးစမ်းလာခြင်းဖြစ်လာ၏။ ထိုအရွယ်သည် လူငယ်ပိုင်းသို့ အတိအကျရောက်ခဲ့ပြီဖြစ်သဖြင့် ကြံ့ခိုင်မှုနှင့်အတူ ဘေးပယောဂဆိုးများကိုလည်း စိတ်ဝင်စား စူးစမ်းလာပြီဖြစ်၍ ကျန်းမာရေးကိုထိခိုက်စေမည့် အကြောင်းများကို မရှောင်ရှားနိုင်ဘဲ ဖွတ်တိုးတတ်သည့် ထိုလူငယ်၏ ဘဝလမ်းကြောင်း တိမ်းစောင်းသွားနိုင်သည်။

လူကြီးဘဝသို့ဝင်ရောက်လာသောအခါ ရရှိလာသောဘာဝသည် အရာရာကို ခံစားသိရှိခဲ့ပြီးဖြစ်၍ အသက်ကြီးခြင်းကိုအကြောင်းပြုပြီး ကိုယ်အား၊ စိတ်အားများ လျော့နည်းလာခြင်းမှ အခြားသောဝေဒနာများမဖြစ်လာစေရန် မိမိကိုယ်ကို ဂရုပြုရမည်ဖြစ်သည်။

လူ့ဘဝ၏ အရွယ်သုံးပါးတွင် မိခင်စောင့်ရှောက်ရမည့်အရွယ်သည် ကျန်းမာရေးကိစ္စ စိတ်ပူစရာမလိုဟုဆိုနိုင်သော်လည်း ကျန်းမာရေးဗဟုသုတရှိရန်လိုပါသည်။ လူငယ်သည် လူက ငယ်သောအရွယ်ဖြစ်၍ ယိမ်းတတ်၊ ယိုင်တတ်သည်။ နီးစပ်ရာယဉ်ပါးတတ်သည်။ စိတ်သွားတိုင်းကိုယ်ပါ၍ အဖော်ကောင်းလျှင် လမ်းလွဲသို့ပင်ရောက်နိုင်ပြီး ကျန်းမာရေးကိုမသိဟန်ပြုမည်ဖြစ်သည်။ လူငယ်တိုင်းမဖြစ်သော်မှ အချို့သောလူငယ်များဖြစ်လေ့ရှိသောကြောင့် သတိထားကြရမည်။

ယနေ့အချိန်တွင် လူငယ်အများစု ကျန်းမာသန်စွမ်းကြသည်။ သို့သော် ပိုမိုပြည့်စုံသောကျန်းမာရေးဖြစ်စေရန်အတွက် အားကစားတစ်မျိုးမျိုးဖြင့် လှုပ်ရှားမှုများရှိသင့်သည်။ ထို့ပြင် အစားအသောက် အနေအထိုင်ဆင်ခြင်ခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းခြင်းများကိုလည်း ဂရုပြုသင့်သည်။ အချိန်နှင့်အမျှ ဘဝအတွက် ရုန်းကန်နေကြရမည်ဖြစ်သော်လည်း ကျန်းမာရေးသည် ဘဝ၏ဆုလဒ်ဖြစ်သဖြင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာရေးကို စောင့်ရှောက်နိုင်သည်။

လူငယ်ဘဝတွင် ကျန်းမာရေးအတွက်သာမက စိတ်ကျန်းမာရေးကိုလည်း ဂရုပြုကြရမည်ဖြစ်သည်။ မည်သည့်လူငယ်၊ လူကြီးမဆို စိတ်ကျန်းမာရေးကိစ္စများရှိနိုင်၏။ ထို့ပြင် လူငယ်များအတွက် ကိုယ်ရည်ကိုယ်သွေးနှင့်ဆက်စပ်၍ ဖြစ်လာတတ်သည်မှာ အတွင်းစွဲ၊ အပြင်စွဲ၊ ဆတူစွဲဟူ၍ အစွဲပြုဖြစ်တတ်မှုများရှိရာ လူငယ်တစ်ဦးအတွက် အဖြစ်များသည်မှာ အမြင်စွဲနှင့် ဆတူစွဲတို့ဖြစ်တတ်ပြီး ၎င်းဖြစ်စဉ်များသည် စိတ်ပြောင်းလဲစ အပျိုဖော်၊ လူပျိုဖော်ဝင်ချိန်၌ ဖြစ်နိုင်သည်ဟု ဆိုရပါမည်။

**❖လူငယ်တစ်ဦးသည် မိမိဘဝအတွက် အထူးလိုအပ်သည်မှာ မိမိစိတ်ကို ကောင်းစွာထိန်းကျောင်းနိုင်မှုဖြစ်သည်။ စိတ်သည် လူကြီး၊ လူငယ်တိုင်းထိန်းသိမ်းထားမှ လှုပ်ရှားခြင်းသက်သာမည်ဖြစ်သည်။ လူငယ်အများစုသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုအတွက် သိမ်ငယ်စိတ်ဝင်တတ်ကြ၏။ ထိုစိတ်သည် လူငယ်တစ်ဦးချင်းစီအတွက် အလွန်အရေးပါသောဖြစ်စဉ်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် သတိပြုကြရန်လိုသည်။ လူကြီးသူမများကလည်း ထိုခံစားမှုအတွက် သက်သာစေရန်၊ ပပျောက်စေရန် ထိန်းသိမ်းပေးကြရမည်ဖြစ်သည်။ ❖**

လူငယ်တစ်ဦးသည် မိမိဘဝအတွက် အထူးလိုအပ်သည်မှာ မိမိစိတ်ကို ကောင်းစွာထိန်းကျောင်းနိုင်မှုဖြစ်သည်။ စိတ်သည် လူကြီး၊ လူငယ်တိုင်း ထိန်းသိမ်းထားမှ လှုပ်ရှားခြင်းသက်သာမည်ဖြစ်သည်။ လူငယ်အများစုသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုအတွက် သိမ်ငယ်စိတ်ဝင်တတ်ကြ၏။ ထိုစိတ်သည် လူငယ်တစ်ဦးချင်းစီအတွက် အလွန်အရေးပါသောဖြစ်စဉ်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် သတိပြုကြရန်လိုသည်။ လူကြီးသူမများကလည်း ထိုခံစားမှုအတွက် သက်သာစေရန်၊ ပပျောက်စေရန် ထိန်းသိမ်းပေးကြရမည်ဖြစ်သည်။

စိတ်ခတ်ရေးရာမွေးမြူမှုအပိုင်းနှင့်ပတ်သက်၍ စာရေးဆရာကြီး လူထုဦးလှ၏ စာတစ်ပုဒ်တွင်ဖော်ပြထားသည်မှာ အလွန်မှတ်သားစရာကောင်း၍ လူငယ်များနှင့်အထူးသင့်လျော်သောကြောင့် ဖော်ပြအပ်ပါသည်။ လူငယ်တစ်ဦးအတွက် ကျန်းမာကြံ့ခိုင်မှုရှိရန် အရေးကြီးသကဲ့သို့ ဆရာကြီးရေးသားထားသည့် အချက်များကို လိုက်နာခြင်းဖြင့် ကျန်းမာရေးကို စောင့်ရှောက်ရာရောက်မည်ဖြစ်ပြီး အထူးသဖြင့် စိတ်ခတ်ရေးရာ ကျန်းမာကြံ့ခိုင်လာမည်ဖြစ်သည်။ ထိုအကြောင်းအရာများမှာ-

- မည်သည့်လူငယ်မဆို မိမိအကြောင်း မိမိသိအောင်နေပြီး အားနည်းချက်၊ အားသာချက်များကို သိရန်၊ သတိပြုရမည်။
- မိမိကိုယ်ကို ယုံကြည်စွာနှင့် တိုးတက်မှုရှိအောင် ကြိုးစားရမည်။
- မိမိ၏အမှားများ၊ ကျရှုံးမှုများကိုသင်ခန်းစာယူနေရမည်။ နောင်ဤသို့မဖြစ်ရန်လည်း၊ သတိပြုဆင်ခြင်ရမည်။
- မိတ်ဆွေကောင်းနှင့်သာ ပေါင်းသင်းဆက်ဆံရန်။
- မိမိဘဝအတွက် တိုးတက်မြင့်မားမှုကို ဖြစ်စေမည့် အကြံဉာဏ်ကောင်းများကို မွေးမြူ၍ ကောင်းသောအလုပ်ကို နောက်မတွန့်ဘဲ ပြုလုပ်ရန်။
- မိမိတွင်ရှိသောစွမ်းရည်ကို ယုံကြည်စွာ သုံးစွဲရန်။
- အောင်မြင်မှုကိုသာ တွေးတောကြံဆ၍ ဆုတ်ယုတ်ပျက်စီးမှုကို မတွေးတောရန်။
- နေ့ရက်တိုင်း မိမိဘဝတွင် ကောင်းသော အစပြုခြင်းနှင့် နေထိုင်ရန်။

ထိုအချက်များနှင့်ညီစွာ ပြုမူနေထိုင်နိုင်ရန် မိမိတစ်ကိုယ်ရည်ကျန်းမာခြင်းနှင့်ပြည့်စုံမှစိတ်ရွှင်လန်းစွာ ပွားများကျင့်ကြံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။

လူတစ်ဦးအတွက် လူကြီး၊ လူငယ်၊ လူလတ်အရွယ်သုံးပါးစလုံး ကျန်းမာရေးနှင့်ပြည့်စုံရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရကိုလည်း သတိပြုနေထိုင်ရမည်ဖြစ်သည်။

- ကံ-ကံကိုယုံ၍ဆူးပုံနင်းသည့် မလျော်ကန်သောအတွေးမဝင်သင့်။
- စိတ်- စိတ်ကိုလည်းပြင်ရမည်ဖြစ်သည်။ စိတ်ကျန်းမာမှ ကိုယ်ကျန်းမာမည်။
- ဥတု- ရာသီအချိန်အခါနှင့်ညီစွာနေထိုင်မှ ကျန်းမာခြင်းကို ပိုင်ဆိုင်မည်။
- အာဟာရ- နေ့ရက်တိုင်း မျှတသော စားသောက်နေထိုင်မှုရှိပါမှ ကျန်းမာခြင်းကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ဤလေးလီသောအကြောင်းများသည် လူငယ်တစ်ဦးအတွက် ရောင်ခြည်ဦး၊ အရုဏ်ဦးပင်ဖြစ်သည်။ လူတစ်ဦးဖွံ့ဖြိုးတိုးတက်ရေးတွင် စိတ်ကိုပြင်၊ လူကိုပြင်ဆိုသကဲ့သို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရမျှတမှ ကျန်းမာခြင်းကိုပိုင်ဆိုင်မည်ဖြစ်ကြောင်း၊ လက်ခံနိုင်လျှင် ယနေ့ကျန်းမာခြင်းသည် အနာဂတ်၏ကောင်းမွန်သောလူကြီးဘဝနှင့်နေထိုင်နိုင်ပြီး တိုင်းနိုင်ငံအကျိုး၊ မိမိအကျိုးကို ရွှင်လန်းစွာစီမံနိုင်မည်ဖြစ်သည်။

ဤသို့ဆိုလျှင် လူငယ်တစ်ဦးအတွက် ကျန်းမာရေးကောင်းမွန်ခြင်းသည် မိမိတို့ဘဝ ယနေ့မှစ၍ အနာဂတ်ကာလတွင် ကျန်းမာကြံ့ခိုင်သောလူငယ်များ ပခုံးပြောင်းတာဝန်ယူနေသောကာလသည် ကျန်းမာကြံ့ခိုင်သောလူကြီးများနှင့် စည်ပင်ဖွံ့ဖြိုးသော တိုင်း၊ နိုင်ငံ၊ မြို့၊ ရွာဟူသော အမည်သတင်း ပျံ့လွှင့်နေမည်ဖြစ်သည်။

# ဘားအံမြို့နယ် ကော့သိုက်(ကော့ဒါန်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကော့သိုက်(ကော့ဒါန်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ)ဒေါ်နန်းအဲဖောင်အွာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကော့သိုက်(ကော့ဒါန်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအချိန်မီပြီးစီးရေးနှင့် လမ်းရေရှည်တည်တံ့စေရန်၊ ပျက်စီးမှုမရှိစေရန်၊ ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။

ကော့သိုက်(ကော့ဒါန်) ကျေးရွာ၌ အရှည် ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၅၈ ဒသမ ၆ သန်းအသုံးပြုပြီး တင်ဒါအောင်မြင်သည့် ခြူးကမ္ဘာမာန်ကုမ္ပဏီက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးစသည့်ကဏ္ဍစုံ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# ရော့ခ်တေးသံရှင် ဇော်ဝင်းထွဋ် ၏ The Square EMPEROR Night တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်သွားမည်




**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရော့ခ်တေးသံရှင် ဇော်ဝင်းထွဋ်၏ The Square EMPEROR Night အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို EMPEROR တေးဂီတအဖွဲ့နှင့်အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်သွားမည်ဖြစ် ကြောင်း သိရသည်။

ရော့ခ်တေးသံရှင် ဇော်ဝင်းထွဋ်၏ The Square EMPEROR Night အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို လာမည့် ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်ညများတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် ဇော်ဝင်းထွဋ်၏ သီဆိုဖျော်ဖြေမှုများကို တေးသံရှင် ဇော်ဝင်းထွဋ်၏ ပင်တိုင် တေးဂီတအဖွဲ့ဖြစ်သည့် EMPEROR တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးက ပရိသတ်တွေဆီကို EMPEROR နဲ့အတူ အားပါးတရ ဖျော်ဖြေဖို့ အသင့်ဖြစ်နေပါပြီ။ ပရိသတ်အကြိုက် တေးတွေနဲ့ ဖျော်ဖြေမဲ့ ညတစ်ညလို့ မန္တလေးက ပရိသတ်တွေအားလုံးကို အသိပေးပါတယ်"ဟု တေးသံရှင် ဇော်ဝင်းထွဋ်က ပြောပြသည်။

အဆိုပါ The Square EMPE-ROR Night တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက် ညများတွင် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေ တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ASH**

# Scream-7 ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား မေဆင်ဂွတ်ဒင်း ပြန်လည်ပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၁၉**

Paramount ကုမ္ပဏီ၏ Scream-7 ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသား မေဆင်ဂွတ်ဒင်း ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ ရက်သတင်းများအရ သိရသည်။

မင်းသား မေဆင်ဂွတ်ဒင်းသည် ယခင် Scream ဇာတ်ကားများ၌ ပင်တိုင်ပါဝင်ခဲ့သော သရုပ်ဆောင်ဖြစ်သည်။

Scream-7 ဇာတ်ကားတွင် မေဆင်ဂွတ်ဒင်းသည် ယခင် Scr-eam ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သော ချက်မက်မာတင် ဇာတ်ကောင်နေရာမှာပင် သရုပ်ဆောင်မည်ဖြစ်သည်။

Scream-7 ဇာတ်ကားတွင် မေဆင်ဂွတ်ဒင်းသည် မင်းသမီး အစ္စဘဲမေ၊ နီဗီကင်းဘဲ၊ မင်းသား ဆမ်ရက်ချန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Scream-7 ဇာတ်ကားကို ဒါရိုက်တာ ကီဗင်ဝီလျံဆင်က ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဂိုင်းဟူးဆစ်က ဝတ္ထုဇာတ်ညွှန်း ရေးသားပေးထားကြောင်း သိရသည်။

၎င်းဇာတ်ကားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# အလင်္ကာကျော်စွာစည်သူ ဗိုလ်ကလေးတင့်အောင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အလှူအဖြစ် မိသားစုများက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ငွေကျပ် သိန်း ၃၀ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အလင်္ကာကျော်စွာစည်သူ ဗိုလ်ကလေးတင့်အောင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အလှူအဖြစ် မိသားစုများက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

အဆိုပါ အလှူငွေ ကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းခြင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ပြုလုပ်ခဲ့သည်။ ကွယ်လွန်သူ ဗိုလ်ကလေးတင့်အောင်၏မိသားစုဝင်တစ်ဦးက ပေးအပ်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီး သရုပ်ဆောင်ဦးအောင်လွင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗဟိုအလုပ်အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

"ရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်လောကကို ကွယ်လွန်ချိန်ထိ သံယောဇဉ် ကြီးမားခဲ့ပြီးတော့ ရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်



လောကအကျိုးအတွက် စွမ်းနိုင်သမျှ ဆောင်ရွက်ခဲ့တဲ့ နာယကကြီး တစ်သက်တာ ရုပ်ရှင်ဆုရှင် ဒါရိုက်တာဗိုလ်ကလေးတင့်အောင်ရဲ့ မိသားစုက ကွယ်လွန်ခြင်း သုံးနှစ်မြောက် အလှူအနေနဲ့ လှူဒါန်းတာဖြစ်ပါတယ်"ဟုမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

အလင်္ကာကျော်စွာ စည်သူ ဗိုလ်ကလေးတင့်အောင်သည် အမျိုးသားစာပေဆု၊ ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုရ၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ဂီတစာဆိုနှင့် ဇာတ်ညွှန်းရေးဆရာလည်းဖြစ်ပြီး နိုင်ငံ့တာဝန်များကို ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် စည်သူဘွဲ့ကို ရရှိခဲ့သူလည်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက် အသက် ၁၀၀ ပြည့်ရန် ရက်ပိုင်းအလိုတွင် ရန်ကုန်မြို့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ASH**

# Wicked : Part 2 ၏ တရားဝင်နာမည် Wicked : For Good ဖြစ်

**နယူးယောက် ဒီဇင်ဘာ ၁၉**

Wicked : Part 2 ဇာတ်ကား၏ တရားဝင် ဇာတ်ကားနာမည်ကို ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက ကြေညာထားကြောင်း ဒီဇင်ဘာ ၁၈ ရက်သတင်းများအရ သိရသည်။

ယူနီဗာဆယ်ကုမ္ပဏီ၏ ကြေညာချက်အရ Wicked : Part 2 ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်မှာ Wicked : For Good ဖြစ်ကြောင်း သိရသည်။

Wicked : For Good ဇာတ်ကားသည် ပြီးခဲ့သည့်လအတွင်း စတင်ရုံတင်ပြသခဲ့သော Wicked ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

မင်းသမီး အာရီယာနာဂရန်ဒီနှင့် ဆိုင်သီယာဟာရီဗိုတို့ပါဝင်ထားသည့် Wicked ဂီတဇာတ်မြူး ရုပ်ရှင်ကားသသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၅၂၀ ကျော်ရရှိထားသည်။

Wicked : For Good ကို Wicked ဒါရိုက်တာ ဂျွန်အမ်ချူးကပင် တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသမီး အာရီယာနာဂရန်ဒီနှင့် ဆိုင်ပီယာအာရီဗိုတို့ပင် ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

Wicked : For Good ဇာတ်ကားကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ရုံတင်ရန် ယူနီဗာဆယ်က စီစဉ်ထားသည်။

**Ref : Russia Today**
**Trs : KKO**




# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ပဏာမရွေးချယ်ထားသည့် ရွှေကြိုမောင်မယ်ဦးရေ ၉၀ ကို ဒီဇင်ဘာ ၂၂ ရက်တွင် ဒုတိယအဆင့် ရွေးချယ်မည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအတွက် ပဏာမရွေးချယ်ထားသည့် ရွှေကြိုမောင်မယ်ဦးရေ ၉၀ ကို ဒီဇင်ဘာ ၂၂ ရက်တွင် ဒုတိယအဆင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအတွက် ရွှေကြိုမောင်မယ်လျှောက်ထားသူများ ပဏာမလူတွေ့စစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၅ ရက်နေ့က ပြုလုပ်ခဲ့ပြီး မောင်မယ် ၂၈၀ ကျော်အနက်မှ မောင်မယ်ဦးရေ ၉၀ ကို ပထမအဆင့် အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒုတိယအဆင့် ရွှေကြိုမောင်မယ် ၉၀ ဦးထဲကနေ ထပ်မံရွေးချယ်သွားမှာပါ။ ရွေးချယ်ရေးအဖွဲ့မှာလဲ ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ အကယ်ဒမီဆုများရှင်တွေ ပါဝင်ကြပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ဒုတိယအဆင့် ယှဉ်ပြိုင်ရွေးချယ်သွားရာတွင် သရုပ်ဆောင်စွမ်းရည်ကို သုံးမိနစ်ထက်မပိုဘဲ ပြသယှဉ်ပြိုင်ရမည့်အပြင် တစ်ဦးချင်းတတ်ကျွမ်းသည့် အနုပညာဆိုင်ရာ သို့မဟုတ်၊ အားကစား သို့မဟုတ် ပညာရပ်တစ်ခုခုရှိပါက ထုတ်ဖော်ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒုတိယအဆင့် ယှဉ်ပြိုင်မည့် ရွှေကြိုမောင်မယ်လောင်းများအနေဖြင့် ကြိုတင်ပြင်ဆင်နိုင်ပါရန်နှင့် တစ်နိုင်တစ်ပိုင် တူရိယာပစ္စည်းများ သို့မဟုတ် အထောက်အကူပစ္စည်းများ ယူဆောင်လာနိုင်ပါကြောင်း မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ဆက်လက်ပြောပြ၍ သိရသည်။

**ASH**

# More than 15,000 acres of monsoon paddy harvested in Wetlet Township


Monsoon paddy being harvested in a field in Wetlet Township.

**Wetlet December 19**

Wetlet Township Agriculture Department mentioned that farmers harvested 15,872 acres of monsoon paddy in Wetlet Township of Sagaing Region this year.

Local farmers could grow 138,394 acres of monsoon in Wetlet Township. They started harvesting of monsoon paddy in October. So far, they have reaped 15,872 acres of monsoon paddy, yielding 84.92 baskets per acre.

Daw Kyin San, Head of Wetlet Township Agriculture Department clarified: “This year, farmers have planted more than 130,000 acres of monsoon paddy in Wetlet Township. So far, they have harvested more than 15,000 acres of monsoon paddy. Our department provides necessary agricultural techniques for local farmers.”

This year, officials of the Township Agriculture Department cooperate with local farmers in growing monsoon crops without difficulties.

Officials of the Township Agriculture Department raise farmer awareness to grow crops with agricultural techniques, prevent pests and minimize loss and waste of crops as well as keep harvested crops under shelter in time.

Officials of the department join hands with local farmers in selecting quality strains of crops, prevention of pests, weeding the crop plantation, removal of different strains of crops and systematic broadcasting of fertilizers. 206

# Monywa Township finishes cultivation of winter sesame this year

**Monywa December 19**

A total of 12,560 acres of winter sesame has been planted in Monywa Township of Sagaing Region, according to Monywa Township Agriculture Department.

In 2024-25 winter, local authorities earmarked 12,720 acres of winter sesame but farmers have planted 12,560 acres of winter sesame.

U Soe Thet Aung, Head of Monywa Township Agriculture Department disclosed: “Farmers have so far planted 12,560 acres of winter sesame against the target of 12,720 acres in Monywa Township. They are trying hard to meet the target cultivation. Sown acreage of sesame is on the increase year after year.”

This year, officials of the Township Agriculture Department raise farmer awareness to grow winter sesame with the use of good agriculture practice-GAP system and quality strains of crops for boosting per-acre yield of crops.

The drops planted in GAP system can have higher quality than the crops grown in conventional methods and fetch good prices in the markets at home and abroad. Hence, the farmers engaging in GAP system can earn increased incomes from their crops.

206


A winter sesame plantation.

# Sagaing Township cultivates over 1,000 acres of winter butter beans during this year’s winter crop season

**Sagaing December 19**

A total of 1,605 acres of butter beans have been planted in Sagaing Township, Sagaing District, Sagaing Region during this year's winter crops planting season, according to statistics from the Department of Agriculture for Sagaing Township.

During the 2024-2025 winter crops planting season, 1,675 acres of butter beans are planned to be planted in Sagaing Township and 1,605 acres have been planted since October this year.

“Butter beans are planted more often in the winter than in the rainy season. The cultivation of butter beans is successful. Because the butter beans fetch a good price, the locals plant them,” said U Myo Thant Aung, head of the Department of Agriculture for Sagaing Township.

In Sagaing Township, during this year's rain crops planting season, local farmers are exclusively planting butter beans, and some farmers are also planting butter beans to earn extra income.

This year in Sagaing Township, the Township Department of Agriculture is providing support to farmers who grow beans and pulses in improving crop yield, cultivating pure varieties and providing them with the necessary technologies.

206

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 4,000 acres of peanut planted in Kawlin District

**Kawlin December 19**

Statistics of Kawlin District Department of Agriculture stated that a total of 4,985 acres of peanut has been planted in Kawlin District of Sagaing Region.

Local farmers have so far planted 3,278 acres of peanut in Kawlin Township and 1,707 acres in Pinlebu Township, totalling 4,985 acres, against the target of 9,088 acres earmarked for 2024-25 cold season.

U Win Thein, Head of Kawlin District Agriculture Department said: “This year, we earmarked cultivation of more than 9,000 acres of peanut in the district. So far, farmers have planted more than 4,000 acres of peanut against the target cultivation. Oil crops are thriving in the district. Sown acreage of peanut is on the rise yearly.”

In 2024-25 cold season, Kawlin Township set a plan to grow 6,100 acres of peanut, Wuntho Township 2,355 acres and Pinlebu Township 633 acres, totalling 9,088 acres.

Farmers need to use 1.5 baskets of peanut seeds per acre for cultivation and cost more than K200,000 per acre for labour charge, seeds of crops, fertilizers and pests but each acre of crops yields more than 50 baskets of peanut on an average.

This year, agricultural staff members make field trips to check whether peanut plantations are thriving, and to prevent pests and weed the plantations to boost per-acre yield of crops. 206


A groundnut plantation.

# Tamu District completes cultivation of canola and niger on more than 7,000 acres of croplands


A thriving canola plantation.

**Tamu December 19**

According to the Tamu District Department of Agriculture, a total of 7,732 acres of canola and niger crops have been cultivated so far during this year's winter crop planting season in Sagaing Region's Tamu District.

For the 2024-2025 winter crop planting season, it is planned to cultivate 9,320 acres of canola and niger in the district. Cultivation began in October this year, and as of today, a total of 7,732 acres have already been successfully cultivated.

"There is an annual cultivation of niger and canola plants. These crops are used not only for oil production but also for medicinal purposes. This year, it is planned to cultivate over 9,000 acres of niger and canola in the Tamu District during the winter season. Currently, over 7,000 acres have already been cultivated, and planting is ongoing. Efforts are being made to ensure that the planned acreage is fully cultivated," said U Hla Myint, the Head of the Tamu District Department of Agriculture.

This year, Myothit Township planted 3,226 acres of canola and 75 acres of niger, Tamu Township 3,482 acres of canola and 120 acres of niger and Khampak 809 acres of canola and 20 acres of niger, totalling 7,732 acres.

This cultivation season, Myothit Township earmarked cultivation of 3,000 acres of canola and 130 acres of niger, Tamu Township 4,870 acres of canola and 220 acres of niger and Khampak 1,050 acres of canola and 50 acres of niger, totalling 9,320 acres.

Tamu District emphasizes cultivation of niger and canola yearly. Mostly, these crops are planted in Katha and Kawlin districts of Sagaing Region. 206

# Maize, corns harvested in Kanbalu Township

**Kanbalu December 19**

The statistics of Kanbalu Township Agriculture Department mentioned that a total of 89,464 acres of maize and corn plantations have been harvested in Kanbalu Township of Sagaing Region.

Local farmers planted 89,464 acres of maize and corn plantations in monsoon this year. They started harvesting of crops in August. So far, they have reaped 88,931 acres of maize yielding 57.38 baskets per acre and 533 acres of corns yielding 15,000 pieces of corns.

U Myo Zaw, Head of Kanbalu Township Agriculture Department said: "Local farmers planted 89,464 acres of maize and corns in monsoon in Kanbalu Township. Now, they are harvesting the crops. Our department raises farmer awareness to ensure thriving of the crops plantations, prevent pests and boost per-acre yield."

The township Agriculture Department conducts training courses for local farmers and agricultural staff in order to enhance their capacity for growing maize and corns, urging farmers to prevent pests and FAW and use traditional pesticides.

Farmers need to cost more than K500,000 each per acre of maize and corns. 206


Photo shows newly plucked corns.

# More than 3,000 acres of green gram harvested in Kyaukmyaung Sub-Township

**Kyaukmyaung December 19**

According to records from the Kyaukmyaung Town Agriculture Department, the harvest of green gram from 3,905 acres in the current monsoon cropping season has been completed in Kyaukmyaung Sub-Township, Shwebo District, Sagaing Region.

In the Kyaukmaung Sub-Township, a total of 3,905 acres of green gram were cultivated during this year's monsoon cropping season. Harvesting of the cultivated fields began in August, and as of today, all 3,905 acres have been harvested, yielding an average of 18.35 baskets per acre.

"This year, a total of 3,905 acres of green gram were cultivated during the monsoon planting season in the Kyaukmyaung Sub-township. All of the cultivated green gram fields have now been fully harvested. Regarding green gram cultivation, there will be educational initiatives to encourage expanded cultivation, as well as guidance on using high-quality seeds to achieve better yields," said Daw Khin Win, head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Sub-Township Agriculture Department has conducted awareness-raising activities for green gram farmers to ensure: access to quality and pure seeds suitable for the region, correct farming techniques, prevention of pest infestations, systematic use of fertilizers, and improvement of crop yields.

During this year's monsoon crop planting season, efforts have been made in collaboration with farmers to ensure good yield rates and quality for various strains of pulses. This includes providing quality seeds, fertilizers, and post-harvest technology support. 206

# At least 30 killed in stampede at Nigerian children carnival

**Abuja December 19**

At least 30 children were killed and dozens of others injured on Wednesday in a stampede at a children's carnival organized in Ibadan, the capital of Oyo State in southwestern Nigeria, local media reported.

The carnival took a devastating turn after the private organizers of the event announced plans to distribute cash to 5,000 children, which triggered a chaotic rush to enter a high school, the venue of the funfair in the Basorun area of Ibadan on Wednesday morning, local TVC News reported.

In a statement, Oyo State's Commissioner for Information Dotun Oyelade blamed the lack of proper planning and coordination by the event organizers for the loss of lives. He said the victims are mostly children.

The government has not yet compiled a complete list of the victims, who were transported to various hospitals across Ibadan for treatment, the commissioner added.

"Parents who are concerned about the whereabouts of their children are urged to check the medical facilities in Ibadan where children affected were taken for proper medical attention with valid means of identification," he said, adding that the police have commenced an investigation into the incident.

Xinhua

# Trump opposes bipartisan funding bill as gov't shutdown deadline looms

**Washington December 19**

U.S. President-elect Donald Trump on Wednesday opposed a bipartisan funding bill, as lawmakers are struggling to pass the stopgap bill to avert a looming government shutdown.

Trump told Fox News he was "totally against" a proposed government funding bill, putting the stopgap measure, which would keep the government open until mid-March, in danger.

Congress has until Friday night to prevent a funding gap, as lawmakers passed a continuing resolution in September to extend government funding through Dec. 20.

The new package, unveiled on Tuesday, mainly allows the government to maintain its current spending levels for the next three months, providing lawmakers with additional time to negotiate new spending bills.

It also includes 100 billion U.S. dollars in disaster relief for recovery from major hurricanes and the collapse of Baltimore's Key Bridge, a one-year extension of the farm bill with an extra 10 billion dollars in aid for farmers.

With some hardliners opposing the stopgap measure and a slim House majority, Republicans will once again need Democrats' support to approve government funding.

"We should pass a streamlined spending bill that doesn't give the Democrats everything they want," Vice President-elect and Senator JD Vance said in a joint statement with Trump.

"The only way to do that is with a temporary funding bill without Democrat giveaways combined with an increase in the debt ceiling," said the statement, pressuring the Democrats to cooperate on a debt ceiling increase now.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားတပ်မတော်တွင် မောင်းသူမဲ့စနစ်တပ်ဖွဲ့သစ်ဖွဲ့စည်းရန်အစီအစဉ်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးကြေညာ



ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Andrey Belousov သည် စစ်မြေပြင်၌ ဒရုန်းနည်းပညာအသုံးပြုမှုကို အရှိန်မြှင့်တင်ရန်အတွက် သမ္မတဗလာဒီမာပူတင်၏ အမိန့်ပေးညွှန်ကြားထားမှုအပေါ် အကောင်အထည်ဖော်သည့်အနေဖြင့် ရုရှားတပ်မတော်တွင် မောင်းသူမဲ့စနစ်တပ်ဖွဲ့သစ်ဖွဲ့စည်းရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Andrey Belousov သည် သမ္မတပူတင်၏ ကာကွယ်ရေးဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိများနှင့် တွေ့ဆုံစဉ်တွင် ၎င်းကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းလည်းဖြစ်သည်။ တပ်ဖွဲ့အသစ်ဖွဲ့စည်းရန် အဆိုပြုချက်သည် ရုရှားသမ္မတ၏ ယခင်ညွှန်ကြားချက်များနှင့်အညီ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး သမ္မတထံမှ အတည်ပြုဆုံးဖြတ်ချက်ရမည်ဆိုပါက နောက်နှစ်တတိယသုံးလပတ်အတွင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး Andrey Belousov က ထည့်သွင်းပြောကြားခဲ့သည်။

ရှေ့တန်းစစ်မျက်နှာတွင် ရုရှားတပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် ဒရုန်းအစင်းရေ ၃၅၀၀ ကျော်ကို နေ့စဉ်အသုံးပြု တိုက်ပွဲဝင်နေခြင်းဖြစ်ကြောင်း၊ အဆိုပါကိန်းဂဏန်းမှာ ဆက်လက်တိုးမြင့်လာခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရည်ရွယ်ချက်အမျိုးမျိုးအတွက် တပ်ရင်း၊ တပ်ဖွဲ့များသို့ ဒရုန်းများပံ့ပိုးမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၃ ဆတိုးမြင့်လာခဲ့ကြောင်း၊ ယေဘုယျအားဖြင့် ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် အထူးစစ်ဆင်ရေးစတင်ကတည်းက စွမ်းဆောင်ရည်မြင့်မားစွာ တိုက်ပွဲဝင်စွမ်းရည်များ ပြသနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Andrey Belousov က ပြောကြားခဲ့သည်။

အစောပိုင်းကာလ အစည်းအဝေးများတွင် ရုရှားသမ္မတပူတင်က မောင်းသူမဲ့လေယာဉ်များထုတ်လုပ်မှုနှင့် မောင်းသူမဲ့လေယာဉ်အော်ပရေတာများကို လေ့ကျင့်သင်တန်းပေးရေး စသည်တို့တွင် စစ်မြေပြင်အတွေ့အကြုံများအပေါ် အခြေခံ၍ အစီအစဉ်များအတိုင်း စနစ်တကျ အဆင့်မြှင့်တင်လုပ်ဆောင်သွားကြရန် အမိန့်ပေးခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ဒရုန်းနည်းပညာကို ဆန်းသစ်တီထွင်ဖန်တီးမှု၊ ဉာဏ်ရည်တုနည်းပညာပေါ် အခြေခံသည့် အဆင့်မြင့် လက်နက်စနစ်များအပါအဝင် ရုရှားနိုင်ငံ ကြည်း၊ ရေ၊ လေ တပ်မတော်တစ်ရပ်လုံးကို ခေတ်မီလက်နက်များ တပ်ဆင်ပေးခြင်း၏ အရေးကြီးပုံကို အကြိမ်ကြိမ် မီးမောင်းထိုးပြခဲ့ပြီးဖြစ်သည်။

ရုရှားသမ္မတပူတင်က စက်တင်ဘာလတွင် နိုင်ငံတွင်း ဒရုန်းထုတ်လုပ်မှုကို ယခုနှစ်တွင် ၁ ဒသမ ၄ သန်းခန့်ထိ ၁၀ဆ တိုးမြှင့်ရန်အစီအစဉ်ကို ကြေညာခဲ့သည်။ ရုရှားနိုင်ငံသည် ဒရုန်းနည်းပညာတွင် အပတ်စဉ်နီးပါး စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေပြီး အဓိကတာဝန်မှာ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ အမြောက်အမြားထုတ်လုပ်ရန်နှင့် အပတ်စဉ်ထုတ်လုပ်မှုကို တတ်နိုင်သမျှ မြန်မြန်ဆန်ဆန်လုပ်ဆောင်ပေးသွားရန်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များကို အသုံးပြုခြင်းသည် ယူကရိန်းပဋိပက္ခတွင် တိုက်ခိုက်ရေးအခြေအနေအရပ်ရပ်၌ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာပြီး တပ်ဖွဲ့ဝင်များကိုခြေရာခံရန်၊ အမြောက်ပစ်ခတ်မှုနှင့် ဗုံးကြဲတိုက်ခိုက်ရန်၊ ပစ်မှတ်များကိုဖော်ထုတ်လမ်းညွှန်ပေးရန် စသည်တို့အတွက် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို အမြောက်အမြားဖြန့်ကြက်အသုံးပြုလာကြခြင်းသည် ထူးခြားချက်တစ်ရပ်ဖြစ်လာခဲ့သည်။

စစ်ဘက်နည်းပညာကို ၂၀ ရာစု စစ်မြေပြင်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသော်လည်း လက်ရှိ ရုရှား-ယူကရိန်းပဋိပက္ခသည် ယခင်က တစ်ခါမှ မမြင်ဖူးသော အလိုအလျောက်တိုက်ပွဲဝင်နိုင်သည့်စစ်ပွဲတွင် ဆန်းသစ်တီထွင်မှုများ ထွက်ပေါ်လာစေခဲ့ပြီဟု စစ်ဘက်ဆိုင်ရာကျွမ်းကျင်သူများက အခိုင်အမာထုတ်ဖော်ပြောကြားခဲ့ကြကြောင်း သိရသည်။

**Russia unveils plans for new army unit ကို ဘာသာပြန်ဆိုထားပါသည်။**

## အီတလီရေတပ်အတွက် လေဆာရောင်ခြည်သုံးတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တစ်ရပ် ပူးပေါင်းတီထွင်ထုတ်လုပ်ရန် ကုမ္ပဏီနှစ်ခု လက်မှတ်ရေးထိုး

အီတလီနိုင်ငံအခြေစိုက် MBDA နှင့် Leonardo ကုမ္ပဏီသည် အီတလီနိုင်ငံရေတပ်အတွက် လေဆာရောင်ခြည်သုံး တန်ပြန်ဒရုန်း တိုက်ဖျက်ရေးစနစ်တစ်ရပ် ပူးပေါင်းတီထွင်ထုတ်လုပ်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြကြောင်းThe Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သည် နာနိုဒရုန်းနှင့် မိုက်ခရိုဒရုန်းများကို ကြားဖြတ်ပစ်ချတိုက်ခိုက်ဖျက်ဆီးနိုင်မည့် လေဆာလက်နက်စနစ်မျိုးဖြစ်ပြီး စွမ်းအင်ထုတ်လုပ်မှုအပိုင်းတွင် အပေါ့စားနှင့် အမြင့်စားဟူ၍ နှစ်မျိုးခွဲခြားထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အီတလီအခြေစိုက် MBDA ကုမ္ပဏီသည် လက်ရှိအီတလီနိုင်ငံရေတပ်စစ်ရေယာဉ်များတွင် တပ်ဆင်အသုံးပြုမည့် အပေါ့စားလေဆာလက်နက်အတွက် အဓိကဒီဇိုင်းရေးဆွဲလျက်ရှိကြောင်း သိရသည်။

တစ်ချိန်တည်းတွင် စွမ်းအားမြင့်လေဆာလက်နက်အတွက် Leonardo ကုမ္ပဏီက ဒီဇိုင်းရေးဆွဲထုတ်လုပ်သွားမည်ဖြစ်ပြီး ရေတပ်သင်္ဘောအသစ်များတွင် တပ်ဖြန့်အသုံးပြုနိုင်ရန် ရည်ရွယ်ထားသည်။ MBDA ကုမ္ပဏီသည် စွမ်းအားမြင့် လေဆာရောင်ခြည်များ ထုတ်လုပ်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး Leonardo ကုမ္ပဏီသည် လေဆာရောင်ခြည် ဦးတည်ရာနှင့် ပစ်မှတ်ဖော်ထုတ်ညွှန်ပြသည့်စနစ်များ တီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း MBDA ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ယခုတီထွင်ထုတ်လုပ်မည့် လေဆာလက်နက်စနစ်များသည် ရေတပ်စစ်ရေယာဉ်များပေါ်တွင် တင်ဆောင်အသုံးပြုနိုင်ရေးအတွက် အာရုံစိုက်ထားသော်လည်း ကြည်းတပ်သုံးစနစ်များပါ တီထွင်ထုတ်လုပ်နိုင်ရန်မှာ နောက်ပိုင်းကဏ္ဍအဖြစ် တိုးတက် ဆောင်ရွက်လာနိုင်ဖွယ်ရှိနေသည်။ သဘောတူညီချက်သည် အသုံးပြုမည့်သူ၏ စစ်ဆင်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် နည်းပညာနှင့် စီးပွားရေးဆိုင်ရာအကြောင်းရင်းများပေါ်တွင်မူတည်၍ ဆင့်ကဲတိုးတက်လုပ်ဆောင်သွားရမည်လည်း ဖြစ်သည်။ ထိုမှတစ်ဆင့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး လေဆာလက်နက်စနစ်ကို ပူးတွဲထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် ကုမ္ပဏီနှစ်ခုစလုံးသည် အီတလီတပ်မတော် တစ်ရပ်လုံးအတွက် ပံ့ပိုးပေးနိုင်ရန် စီမံကိန်းချမှတ်၍ ပူးပေါင်းလုပ်ဆောင် သွားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ယခုလေဆာရောင်ခြည်သုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် စီမံကိန်းသည် ဂျာမနီရှိ Laser Weapon Demonstrator စီမံကိန်း၊ ဗြိတိန်နိုင်ငံရှိ Dragon Fire စီမံကိန်း၊ MBDA ကုမ္ပဏီက ဝယ်ယူထားသည့် ပြင်သစ်ကုမ္ပဏီ CILAS က တီထွင်ထုတ်လုပ်ထားသော HELMA-P လေဆာလက်နက် စနစ်များနှင့်အတူ ထပ်မံ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**MBDA, Leonardo to Develop Laser-Based Counter-Drone System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၆၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း၂၆၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၈ ကေနှင့် ဖူးစားပြောင်း ၂၉၅၅ ကေ စုစုပေါင်း ၂၉၈၃ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၃ ကေနှင့် ဖူးစားပြောင်း ၂၆၂၅ ကေ စုစုပေါင်း ၂၆၅၈ ကေစိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၉၈၃ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၆၅၈ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ကျန်ကေတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေထံမှ သိရသည်။ (၂၀၆)

# ဒိုက်ဦးမြို့နယ် ဦးဘိုးရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒိုက်ဦး ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဘိုးရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ဦးဘိုးရင်စုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်းကို ဦးဘိုးရင်စုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ဦးဘိုးရင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ဦးကို ငွေကျပ် ၃၀ ဒသမ ၂၈ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၂၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၅သန်း ထုတ်ချေးပေးခဲ့ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။ **ချိုလေး**

# မိုင်းဆတ်မြို့နယ် ပါဘူးကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

**မိုင်းဆတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ပါဘူးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ပါဘူးကျေးရွာ၌ အလျား ၄၈ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၂ပေ ရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံ ကိန်း (VDP)ပံ့ပိုး ရန်ပုံငွေကျပ်သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။**ချိုသန်းညွန့်**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၉-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





**ရှေ့ဖုံးမှအဆက်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဒေါက်တာဘရှယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။





ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်း နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဘရှယ်က အမျိုးသား သုံးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင်က အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အမျိုးသား၊ အမျိုးသမီးအသက် ၂၃ နှစ်အောက် ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များကို နေပြည်တော်ရှိ ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင် နှင့် ဒေါက်တာမှုထန်၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ လူမှုရေးရာဝန်ကြီးများ နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ နှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ဝူရှူးပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်များအနက်မှ အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်နှင့်စစ်ကိုင်း တိုင်းဒေသကြီး၊ အမျိုးသား ကီလို ၇၀ တန်း







ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်က စစ်ကိုင်းတိုင်းဒေသကြီးကို လည်းကောင်း၊ အမျိုးသား ကီလို ၇၀ တန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်က ကရင်ပြည်နယ်ကိုလည်းကောင်း အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသမီး (ကျနဲ့စု+ချန်းစု)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသား (နန်းသောင်း+နန်းကွန့်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး(နန်းသောင်း+နန်းကွန့်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ချင်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား(သွေ့လျန့်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသမီး(သွေ့လျန့်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမျိုးသမီး ၄၈ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသမီး ၅၂ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်အသင်း





တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အမျိုးသမီး ကီလို ၆၀ တန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူက အမျိုးသား ၄၈ ကီလိုတန်းဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသား၅၂ ကီလိုတန်းဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမျှထန်က အမျိုးသား ၅၆ ကီလိုတန်းဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ကီလို ၆၀ တန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က အမျိုးသား ၆၅ ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ကီလို ၇၀ တန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။



အလားတူ ဝန်ကြီးဌာနအဆင့်အမျိုးသား ဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ သာမန်ပွဲကစားချိန်မိနစ် ၄၀ နှင့် အချိန်ပို ၁၀ မိနစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်သဖြင့် ပင်နယ်တီအဆုံးအဖြတ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးJeng Phang နော်တောင်က ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်






**နေပြည်တော် ဒီဇင်ဘာ ၁၉**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီရမ်ဖုန်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့ကျင်းပသည့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲအတွင်း တက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များသည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားသည်။

အိမ်ရှင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီရမ်ဖုန်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာစွန်းဝေတုန်းနှင့် လည်းကောင်း၊ ညနေ ၅ နာရီတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် မစ္စတာမိုဟာမက်တိုဟိဒ်ဟူစိန်နှင့် လည်းကောင်း၊ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာထောင်ဆာဗန်ဖုန်ဗီဟေးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှရီဗစ်ခရမ်မစ်ဆရီနှင့် လည်းကောင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ သီးခြားဆွေးနွေးပွဲတစ်ရပ် တက်ရောက်ရန်ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအန်ရစ်အေမန်နလိုနှင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ဗန်ကောက်မြို့ရှိ Capella ဟိုတယ်၌ သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် တစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**





သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်-၃၁ စုပေါင်းအစည်းအဝေးခန်းမ မြေညီထပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားများကို လက်ခံကျင်းပခြင်းအားဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှုမြောက်နိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှုမြောက်နိုင်သည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် CPU များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည့်နည်းပညာဆိုင်ရာသင်တန်းများ ပို့ချပေးခြင်းကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသိပညာပေးသည့်အပေါ် ဝန်ထမ်းများအနေဖြင့် ဗဟုသုတရရှိကာ ရှောင်ရန်၊ ဆောင်ရန်အချက်များရရှိပြီး ထပ်ဆင့်မျှဝေနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်ခန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်ပါမောက္ခချုပ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တက္ကသိုလ် ပါမောက္ခချုပ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ သင်ကြားပေးရန်နှင့် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပေးနိုင်ရေးအတွက် ဆရာ၊ဆရာမများအနေဖြင့် မိမိဘာသာရပ်ကို အမြဲမပြတ်လေ့လာနေကြရန် မှာကြားလိုပါကြောင်း၊ ဌာနမှ ကျွမ်းကျင်သူဝါရင့်ဆရာကြီး၊ ဆရာမကြီးများကလည်း မွမ်းမံ လေ့ကျင့်ပေးကြရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ Module အလိုက် မွမ်းမံသင်တန်းများဖွင့်လှစ်ပေး၍ ဆရာ၊ ဆရာမများ သင်ကြားမှုအရည်အသွေးကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အင်္ဂလိပ်စာကို Minor ဘာသာရပ် မီးသတ်ဆေးဘူးများ ချိတ်ဆွဲဆောင်ရွက်ထားကြရန် မှာကြားလိုပါကြောင်း၊ ကျောင်းတက်သည့် ကျောင်းသားစာရင်းများကို နေ့စဉ်စနစ်တကျကောက်ယူကာ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီအောင် စည်းရုံးကြိုးကြပ် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်များ၊ မိမိတို့ဦးစီးဌာနများ၏ ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရုံးစာများ၊ ညွှန်ကြားချက်များကို ဆိုရှယ်မီဒီယာ အွန်လိုင်းပေါ်တင်ခြင်းများ၊ ပေးပို့ခြင်း



ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ခဲ့သည်မှာ တစ်လပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်အောင် သင်ကြားပေးကြရန်၊ သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ရိုးကုန်အပြည့်အစုံ အဖြစ် တတိယနှစ်အထိ သင်ကြားကြရမည်ဖြစ်ပါကြောင်း၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများအနေဖြင့် စာသင်ခန်းများအထိ လှည့်လည်ကွင်းဆင်းစစ်ဆေး၍ သင်ကြားသင်ယူမှုအရည်အသွေးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ဆောင်ရွက်မည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကျင်းပဆောင်ရွက်ကြစေလိုပါကြောင်း၊ ကျောင်းဥပမိရုပ်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြရန်နှင့် များကို နိုင်ငံ့ဝန်ထမ်းများ မပြုလုပ်ကြစေရေးအတွက် ပညာပေးကြီးကြပ်ရန် အလေးအနက်မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျောင်းတက်နှုန်းမြင့်မားရေးနှင့် ဆရာ၊ ဆရာမ မွမ်းမံသင်တန်းများ ပို့ချမည့်အစီအစဉ်ကို ရှင်းလင်းပြီး အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းသည် နိုင်ငံ့ဝန်ထမ်းတိုင်း လိုက်နာရမည့်တာဝန်ဖြစ်ရုံသာမက မိမိ၏ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းခြင်းဖြစ်သဖြင့် အသိကို သတိဖြင့် ထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယာရာမပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၆ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ခတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယ အထူးအောင် သုံးပါး၊ ပါဠိဂုဏ်ထူးအောင် ခြောက်ပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး၊ အစိုးရဓမ္မာစရိယသုံးကျမ်းအောင် ၁၄၄၃ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၃ ပါး၊ မဟာဝိဒူအောင် ၁၅ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာအထူးအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကိုအချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပေးပို့ကြရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။




အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်ယွန်းယွန်းသို့ ဦးတည်ပြီး ၃၆ နာရီအတွင်း အင်ဒရာပရာဒေ့ရှ် ကမ်းရိုးတန်းတစ်လျှောက် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ဝန်ကြီးဌာနအလိုက် ၁၉-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ**

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၄ | ၁၀ | ၁၀ | ၃၄ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၂ | ၇ | ၉ | ၂၈ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀ | ၁၀ | ၁၀ | ၃၀ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၂ | ၈ | ၂၇ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၂ | ၁ | ၆ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | လူမှုကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | | | ၁ | ၁ | |
| ၉ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၃ | | ၃ | |
| ၁၂ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၃ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၇ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၅၀ | ၅၀ | ၅၀ | ၁၅၀ | |

**ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက်**
**၁၉-၁၂-၂၀၂၄ ရက်နေ့ထိဆုရရှိမှုအခြေအနေ**

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၈ | ၄၂ | ၃၉ | ၁၄၉ | |
| ၂ | ရှမ်း | ၂၇ | ၃၂ | ၄၁ | ၁၀၀ | |
| ၃ | မန္တလေး | ၂၅ | ၂၆ | ၃၉ | ၉၀ | |
| ၄ | စစ်ကိုင်း | ၂၁ | ၂၀ | ၂၁ | ၆၂ | |
| ၅ | ကချင် | ၁၆ | ၁၁ | ၂၂ | ၄၉ | |
| ၆ | တနင်္သာရီ | ၁၅ | ၆ | ၁၁ | ၃၂ | |
| ၇ | ရောဝတီ | ၁၄ | ၂၄ | ၂၉ | ၆၇ | |
| ၈ | မကွေး | ၁၄ | ၁၃ | ၂၀ | ၄၇ | |
| ၉ | ပဲခူး | ၉ | ၂၀ | ၂၇ | ၅၆ | |
| ၁၀ | ကရင် | ၈ | ၁၁ | ၃၁ | ၅၀ | |
| ၁၁ | နေပြည်တော် | ၇ | ၅ | ၁၁ | ၂၃ | |
| ၁၂ | ရခိုင် | ၅ | ၁၁ | ၁၆ | ၃၂ | |
| ၁၃ | မွန် | ၅ | ၁၀ | ၁၀ | ၂၅ | |
| ၁၄ | ချင်း | ၃ | | ၉ | ၁၂ | |
| ၁၅ | ကယား | ၁ | ၇ | ၅ | ၁၃ | |
| | စုစုပေါင်း | ၂၃၈ | ၂၃၈ | ၃၃၁ | ၈၀၇ | |

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈ / ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၈/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့တက်ရောက်ရန် ဘားအံမြို့နယ်မြေခံသင်တန်းကျောင်းသို့ရောက် ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့ သားကောင်းရတနာများကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာန ချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းအောင်နှင့် တာဝန်ရှိသူများကသွားရောက် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက် ရောက်မည့် နိုင်ငံ့သားကောင်းရတနာများ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၈/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သား ကောင်းရတနာများကို လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက် ရောက်ရန် မော်လမြိုင်မြို့ နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည် သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက် ရောက်မည့်နိုင်ငံ့သားကောင်းရတနာများ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက် ရောက်မည့် နိုင်ငံ့သားကောင်းရတနာများ ကို လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး လိုအပ်သည်များကိုပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

# ကျိုင်းတုံမြို့နယ် လွိုင်မွေကန် လူကူးသံကူကွန်ကရစ်တံတားတည်ဆောက်မှုနှင့် ကျိုင်းတုံ-လွိုင်မွေသွားကားလမ်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)က တာဝန်ယူ ဆောက်လုပ်လျက်ရှိသော လွိုင်မွေဒေသ လွိုင်မွေကန်ရှိ အရှည် ပေ ၃၅၀၊ အကျယ် ၈ ပေ ၁၀ လက်မရှိ လူကူး သံကူကွန်ကရစ်တံတားတည် ဆောက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါတံတားကို ယခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ ဆောက်လုပ်လျက်ရှိရာ ၂၀၂၄ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ် တွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် အရှည် ၁၉ မိုင် သုံးဖာလုံရှိ ကျိုင်းတုံ-လွိုင်မွေသွားကားလမ်းကို ရေရှည် တည်တံ့ကောင်းမွန်စေရန်နှင့် တောင်တက် လမ်းများချောမွေ့စွာ သွားလာနိုင်ရေး အတွက် အကျယ် ၁၂ ပေမှ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းတိုးချဲ့အဆင့်မြှင့်တင် ခြင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကျိုင်းတုံမြို့နယ် လွိုင်မွေကန် လူကူးသံကူ ကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ဆောင်းသီးနှံစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် မိုးစပါးစံကွက်ရိတ်သိမ်းမှုတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းကြည့်ရှု



**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက တံတားဦးခရိုင်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် မိုးစပါးစံကွက်ရိတ်သိမ်းမှုတို့ကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ နေကြာပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်သို့ရောက်ရှိပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားဆောင်ရွက်နေမှု၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ပျားများဖြင့်ဝတ်မှုန်ကူးခြင်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် မျိုး၊ မြေ၊ ရေ၊ နည်း ဟန်ချက်ညီညီဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားပြီး တောင်သူများ၏တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စိုက်ကွင်းအတွင်းကြည့်ရှုသည်။

ထို့နောက် ဆောင်းကုလားပဲစံပြကွက်သို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆီထွက်သီးနှံများနှင့် စားဖိုဆောင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စိုက်ကွင်းအားကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ တမုတ်ဆိုးကျေးရွာအုပ်စုတွင် ပြုလုပ်သည့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းမှုကွင်းသရုပ်ပြပွဲသို့ ရောက်ရှိပြီး တောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းတင်ပြမှုများ၊ တောင်သူများ၏ လိုအပ်ချက်တင်ပြမှုများအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးစပါးရိတ်သိမ်းအပြီး စိုက်ပျိုးရန် ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံ ပေးအပ်ကာ မိုးစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းထိ နိုင်လွန်ကတ္တရာလမ်းမကြီးကို သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် Cryptocurrency အကြောင်း သိကောင်းစရာ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၉**

"Cryptocurrency အကြောင်း သိကောင်းစရာ"အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force- FATF) ၏ Recommendation 15 နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် ငွေကြေးခဝါချမှုများ၊ အကြမ်းဖက် အဖွဲ့အစည်းများကိုငွေကြေးထောက်ပံ့မှုများ၊ တရားမဝင်မှောင်ခိုရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများ ပြုရာတွင် Cryptocurrency ကို အသုံးပြုလာကြကြောင်း၊ အဂတိလိုက်စားမှုများမှ ရရှိလာသည့် ငွေကြေးများကို အသွင်ပြောင်း၍ Cryptocurrency များတွင် ရင်းနှီးမြှုပ်နှံခြင်းများဖြင့် ငွေကြေးခဝါချမှု ကျူးလွန်ခြင်းများ ဖြစ်ပွားလာနိုင်သဖြင့် ကော်မရှင်ရုံးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများကို Cryptocurrency နှင့်စပ်လျဉ်း၍ အသိပညာပေးရန်ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း၊ မျက်မှောက်ကာလတွင် ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများအနေဖြင့် ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ဖုံးကွယ်ရန်အပြင် ငွေကြေးလွှဲပြောင်းမှုများဆောင်ရွက်သည့်အခါ ခြေရာခံ၍ မရစေရန် Cryptocurrency ကို ကျယ်ပြန့်စွာအသုံးပြုလာကြကြောင်း၊ စုံစမ်းစစ်ဆေးရေးအရာရှိများသည် Cryptocurrency နှင့်ပတ်သက်၍ အတွေ့အကြုံ၊ ဗဟုသုတ၊ စွမ်းဆောင်ရည်များရှိရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က Cryptocurrency နှင့်စပ်လျဉ်းသည့် သမိုင်းကြောင်း၊ One Pay Co.ltd မှ Project Director ဖြစ်သူ ဦးနေဝင်းက Cryptocurrency ၏ အားသာချက်၊ အားနည်းချက်များ၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်စိုးက Cryptocurrency နှင့်စပ်လျဉ်း၍ Financial Action Task Force- FATF အကြံပြုချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ထက်ထက်အောင်က အဂတိလိုက်စားမှုနှင့် ဆက်နွယ်နေသည့် Cryptocurrency အကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဒေါ်ကြေးမုံနှင့် ဒေါ်နှင်းထက်ထက်ဝင်းတို့က Virtual Cryptocurrency များနှင့်စပ်လျဉ်းသည့်အကြောင်းအရာများဆွေးနွေးပြီး တက်ရောက်လာကြသည့်ဧည့်သည်တော်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက်စကားဝိုင်းဆွေးနွေးပွဲမှ ရရှိလာသည့် ရလဒ်များနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် ကော်မရှင်ရုံးမှ အရာရှိကြီးများ၊ အရာထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိလျှော့ပေါ့ပေးနိုင်သည်။


(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ထူးခြားသည့် ညအပူချိန်များ (၁၉-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၁၀ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်များ၊ လူသုံးကုန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ
















**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် ညောင်ပင်သာမြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ တရားမဝင်သစ်မာ ၃ ဒသမ ၀၀၆ တန်နှင့် အခြားသစ် ၂ ဒသမ ၁၇၀ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေး အဆန်ရထား ပါဆယ်(၁) ရထားတွဲပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၄၅၀၄၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၅၂၆၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၉၀၃၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး၊ King Long Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၁၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ပန်ကွဲရွာအနီး လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၆၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၄ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၃ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၃၈၈၄၅၉ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၃၃၈၂၉၅ ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၃၇၈၂၇၅၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၂၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၅၂၀၅၀၅၄ ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် တင်သွင်းမှုများလျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှုကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပခုက္ကူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ကမ္မမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၄ ရက်က ပြည်သူတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် ပခုက္ကူမြို့နယ် ရေမျက်ကျေးရွာကို ဒီဇင်ဘာ ၁၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ ဒီဇင်ဘာ ၁၈ ရက်က ရေမျက်ကျေးရွာနှင့် အနီးဝန်းကျင်များသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းမရှိကြောင်းနှင့် ကမ္မမြို့နယ်အတွင်းမှ ပြည်သူတစ်ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် သတင်းမှာလည်း သတင်းမှားသာဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# လေထုညစ်ညမ်းသည့်နေရာများတွင် နေထိုင်ခြင်းက စိတ်ကျန်းမာရေးထိခိုက်မှုနှင့် ဆက်စပ်နေ



**အီဒင်ဘာတ် ဒီဇင်ဘာ ၁၉**

လေထုညစ်ညမ်းသည့် နေရာများတွင် နေထိုင်ခြင်းသည် စိတ်ကျန်းမာရေးထိခိုက်မှုနှင့် ဆက်စပ်နေကြောင်း စကော့တလန်နိုင်ငံမှ ကျန်းမာရေးဆိုင်ရာ သုတေသီများ၏ လေ့လာမှုတွင် ဖော်ပြထားကြောင်း ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းသောနေရာများတွင် နှစ်ပေါင်းများစွာနေထိုင်ခြင်းသည် စိတ်ပိုင်းဆိုင်ရာရောဂါများစွာကို ခံစားရစေနိုင်ကြောင်း၊ အဆိုပါအကြောင်းအရာနှင့် ပတ်သက်ပြီး စကော့တလန် သုတေသီများသည် လူဦးရေ နှစ်သိန်းကျော်ပါဝင်သည့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သုတေသန ရလဒ်များအရ နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက်ကြောင့် လေထုညစ်ညမ်းမှုသည် စိတ်ပိုင်းဆိုင်ရာအပြုအမူချို့ယွင်းမှုအဖြစ်များကြောင်း၊ ထို့ကြောင့် တင်းကျပ်သော သဘာဝပတ်ဝန်းကျင်ကန့်သတ်ချက်များချမှတ်သင့်ကြောင်း၊ သို့မှသာ လူသန်းပေါင်းများစွာ၏ စိတ်ကျန်းမာရေးကို ကာကွယ်ရာ ရောက်မည်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ရုပ်ကြွင်းလောင်စာများအစား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို ပြောင်းလဲသုံးစွဲခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်ကို ဖြစ်စေမည်ဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုများ လျှော့ကျလာခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာရောဂါများခံစားရပြီး ဆေးရုံဆေးခန်းများတွင် ဆေးကုသမှုခံယူရသူဦးရေကို လျှော့ချနိုင်မည်ဖြစ်ကြောင်း စိန့်အန်ဒရူးတက္ကသိုလ်မှ ဒေါက်တာမယ်ရီအဘီအယ်လ်အာဟတ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းတွင် ၁၄ နှစ်အတွင်း စိုစွတ်မှုနှုန်းအမြင့်ဆုံး ဒီဇင်ဘာလဖြင့် ရင်ဆိုင်ရနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၁၉**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်း ဒေသများတွင် မိုးသက်လေပြင်း ကျရောက်နေပြီး စိုစွတ်မှုနှုန်း မြင့်မားလျက်ရှိရာ ၁၄ နှစ်အတွင်း စိုစွတ်မှုနှုန်း အမြင့်ဆုံးသော ဒီဇင်ဘာလဖြင့် ရင်ဆိုင်ရနိုင်ကြောင်း ဩစတြေးလျ မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘာရစ္စဘိန်းမြို့တွင် မိုးရေချိန်မှာ ၁၂၇ မီလီမီတာထိ မြင့်တက်နေပြီး အနိမ့်ပိုင်းဧရိယာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးရေချိန်မြင့်မားသည့်အတွက် မြစ်ရေမဟာမြင့်တက်ကာ မြစ်ရေလျှံတက်လာနိုင်သည့် သတိပေးချက်ထုတ်ပြန်ထားသည့် မြစ်များမှာ မာရီမြစ်၊ ဘာရီမာမြစ်၊ ဘန်းနက်မြစ်၊ ချာဝယ်မြစ်၊ ဒွန်မြစ်၊ ပါရိုမြစ်၊ ဝါရီဂိုမြစ်၊ ဘာကိုမြစ်နှင့် ကွန်ဒါမိုင်းမြစ်တို့ဖြစ်ကြောင်း၊ အအေးဓာတ်မြင့်မားရမည့် ဒီဇင်ဘာလတွင် မိုးရေချိန်မြင့်မားပြီး စိုစွတ်မှုနှုန်း မြင့်မားနေခြင်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သည်ဟု မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အရှေ့တောင်ဘက်ပိုင်းဒေသတွေမှာ မိုးရေချိန်မြင့်မားနေပြီး မြစ်ချောင်းတွေမှာလဲ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မြောက်ဘက်ပိုင်းနဲ့ အရှေ့ဘက်ပိုင်းတွေမှာလဲ မိုးသက်လေပြင်းတွေ ကျရောက်လာနိုင်တယ်။ မုန်တိုင်းဝင်ရောက်လာနိုင်တဲ့လက္ခဏာတွေ ဖြစ်ပါတယ်။ အရှေ့ဘက်ပိုင်းမှာတော့ ကုန်းတွင်းပိုင်းဧရိယာတွေနဲ့ အင်ဂမ်ခရိုင်တွေမှာ မိုးသက်လေပြင်းကျရောက်လာနိုင်တယ်။ အရှေ့တောင်ဘက်ပိုင်း ဒေသတွေမှာတော့ ၁၄ နှစ်အတွင်း စိုစွတ်မှုနှုန်းအမြင့်ဆုံး ဒီဇင်ဘာလအဖြစ်လဲ မှတ်တမ်းဝင်သွားနိုင်ပါတယ်"ဟု ဩစတြေးလျ မိုးလေဝသဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အရှေ့တောင်ဘက်ပိုင်းတွင် စိုစွတ်မှုနှုန်းမြင့်မားနေသော်လည်း အနောက်ဘက်ပိုင်းဒေသများတွင်မူ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်ကာ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရကြောင်း ဩစတြေးလျမိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဘရာဇီးနိုင်ငံတွင် ယခုနှစ် ၁၁ လတာကာလအတွင်း တောမီးလောင်ကျွမ်းမှုပမာဏ မြင့်တက်ခဲ့

**ဘရာဇီးလီးယား ဒီဇင်ဘာ ၁၉**

ဘရာဇီးနိုင်ငံတွင် ယခုနှစ်အတွင်း နေရာအနှံ့အပြား၌ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီလမှ နိုဝင်ဘာလထိ ၁၁ လတာ ကာလအတွင်း တောမီးလောင်ကျွမ်းမှု ပမာဏ မြင့်တက်ခဲ့ကြောင်း ဘရာဇီး Map Biomas Fire Monitor အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Map Biomas Fire Monitor အဖွဲ့က ဘရာဇီးနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်အခြေအနေကို အမြဲမပြတ်စောင့်ကြည့်မှုများ ပြုလုပ်နေပြီး နှစ်စဉ် တောမီးလောင်ကျွမ်းမှု မှတ်တမ်းကိုလည်း ရှင်းတမ်းအနေဖြင့် ပုံမှန်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကြား ဖြစ်ပေါ်ခဲ့သော တောမီး လောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၂၉ ဒသမ ၇ သန်းရှိခဲ့ကြောင်း၊ ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းသော သစ်တောမြေမှာ ရာနှုန်းပြည့်ပျက်စီးခဲ့ပြီး ၁၀ ရာခိုင်နှုန်းကိုသာ အချိန်မီထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံအရှေ့ပိုင်း ကာရာဒိုနယ်မြေတွင် တောမီးလောင်ကျွမ်းမှု အမြင့်မားဆုံးအခြေအနေဖြစ်ပြီး ပန်တာနယ်စိုစွတ်မြေတွင် တောမီးလောင်ကျွမ်းခဲ့မှုမှာ ဒုတိယအမြင့်ဆုံးဖြစ်ခဲ့ကြောင်း Map Biomas Fire Monitor အဖွဲ့က ထုတ်ပြန်ခဲ့သည်။



သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ရေးအတွက် ဘရာဇီးအစိုးရက ၂၀၂၃ ခုနှစ်ကတည်းက အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ရန် ခက်ခဲနေဆဲဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း Map Biomas Fire Monitor အဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အလင်းညစ်ညမ်းမှုက ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို အနှောင့်အယှက်ဖြစ်စေကြောင်း ဗြိတိန်သုတေသနစစ်တမ်းများတွင် ဖော်ပြထား

**လန်ဒန် ဒီဇင်ဘာ ၁၉**

အလင်းညစ်ညမ်းမှုသည် ရေနေသတ္တဝါများ၏ဂေဟစနစ်ကို အနှောင့်အယှက်ဖြစ်စေကြောင်း ရေအောက် အနီအောက်ရောင်ခြည်သုံးကင်မရာများ အသုံးပြု၍ လေ့လာထားသော ဗြိတိန်သုတေသနစစ်တမ်းများတွင် ဖော်ပြထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အလင်းညစ်ညမ်းမှုကို ဖြစ်စေသော လူသားတို့ ပြုပြင်ဖန်တီးထားသည့် အလင်းတုများသည် ညအချိန် အမှောင်အောက်တွင် အရောင်ပြောင်းသည့် သန္တာကျောက်တန်းများ၏ ဂေဟစနစ်ကို ကမောက်ကမဖြစ်စေကာ သန္တာကျောက်တန်းများကိုပျက်စီးစေပြီး နေ့ဘက်တွင်လှုပ်ရှားနေကျငါးများကို ညဘက်တွင် လှုပ်ရှားသွားလာစေခြင်း၊ အိပ်နေသောငါးများကိုနိုးထစေခြင်း၊ ပုံမှန်ထက်နောက်ကျမှ နိုးထလာစေခြင်း စသည်တို့ကို ဖြစ်စေနိုင်သည်ဟု ဗြိတိန်သုတေသန စစ်တမ်းတွင် ဖော်ပြထားကြောင်း သိရသည်။

"ဖန်လုံအိမ်ဓာတ်ငွေ့၊ ပလတ်စတစ်ညစ်ညမ်းမှုနဲ့ အလင်းညစ်ညမ်းမှုက မတူပါဘူး။ အလင်းညစ်ညမ်းမှုက မီးခလုတ်ကို ဖွင့်လိုက်တာနဲ့ စတင်ညစ်ညမ်းစေတဲ့ ညစ်ညမ်းမှုတစ်ခုပါ။ ဒီအလင်းညစ်ညမ်းမှုကို ကုန်ကျစရိတ်နည်းတဲ့ ဖြေရှင်းနည်းတွေနဲ့ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဖြေရှင်းဖို့ ကြိုးစားနေပါတယ်။ အလင်းတုရဲ့ သက်ရောက်မှုကို လျှော့ချတာဟာ ရေနေသတ္တဝါတွေနဲ့ အဖိုးတန်သန္တာကျောက်တန်းတွေကို ထိန်းသိမ်းရာရောက်ပါတယ်"ဟု ဘရစ္စတိုးတက္ကသိုလ်ဇီဝသိပ္ပံဌာနမှ ဒေါက်တာ အမ်မာဝစ္စကတ်ချိုက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဗီယက်နမ်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း အပူလှိုင်းဖြတ်သန်းမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**ဟနွိုင်း ဒီဇင်ဘာ ၁၉**

ဗီယက်နမ်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း အပူလှိုင်းဖြတ်သန်းမှုများဖြင့် ဆက်တိုက်ရင်ဆိုင်ရဖွယ်ရှိနေကြောင်း National Centre for Hydro-Meteorological Forecasting(NCHMF) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁၈ ရက်တွင် National Centre for Hydro-Meteorological Forecasting (NCHMF)မှ သုတေသီများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်အတွင်း ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်သည့် အစည်းအဝေး တစ်ရပ်ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ ၂၀၂၅ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု အခြေအနေများကိုလည်း ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် တောမီးလောင်ကျွမ်းမှု ပြဿနာများဖြင့် ရင်ဆိုင်ရဖွယ် ရှိနေသည့်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ NCHMF အနေနဲ့ ၂၀၂၅ ခုနှစ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ မိုးလေဝသအခြေအနေတွေကို ကြိုတင်ခန့်မှန်း သုံးသပ်တာတွေ ပြုလုပ်ခဲ့ပါတယ်။ သုံးသပ်ချက်တွေအရ ၂၀၂၅ ခုနှစ်မှာ အပူလှိုင်းဖြတ်သန်းမှုတွေနဲ့ ဆက်တိုက်ရင်ဆိုင်ရဖွယ်ရှိနေပြီး အပူချိန်တွေ မြင့်တက်လာနိုင်ပါတယ်။ ဒစ်ဂျစ်တယ်စနစ်၊ အာရုံခံစနစ်တွေနဲ့ ပိုပြီးတော့အသေးစိတ်တဲ့ ခန့်မှန်းချက်တွေကို ထုတ်ပြန်နိုင်အောင်လဲ ဆက်လက်ဆောင်ရွက်သွားပါမယ်"ဟု National Centre for Hydro-Meteorological Forecasting(NCHMF)မှ လက်ထောက်ညွှန်ကြားရေးမှူး ဟောင်ဒက်ကောင်းက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat



ဝတ္ထုတိုကဏ္ဍ

# လောဘမြစ်ပြင်ကျယ်

မောင်ခြိမ့်

ဦးတောကျော်သည် သံပန်းကန်ပြားထဲရှိ မာကျောကျောငစိန်ဆန်ထမင်းကို နောက်ဆုံး တစ်လုတ်အဖြစ် ပါးစပ်အတွင်းသို့ သွင်းလိုက်၏။ ထို့နောက် တစ်ချက်၊ နှစ်ချက်ဝါးကာမျို၍ချ၏။ မရချေ။ နင်၍နေ၏။ ထို့ကြောင့်ကင်ပွန်းချဉ်ဟင်းချို အရည်ကျဲကို နှစ်ဇွန်း၊ သုံးဇွန်းကပျာကယာခပ်၍ သောက်၏။ ထိုအခါမှ မာကျောကြမ်းတမ်းသော ငစိန်ဆန်ထမင်းကြမ်းသည် လည်ချောင်းထဲသို့ မဆင်းချင်၊ ဆင်းချင်နှင့် ကုတ်၍ခြစ်၍ ဆင်းတော့သည်။

ပန်းကန်ထဲတွင်ထမင်းကမရှိတော့။ အာသာကတော့မပြေသေးပါ။ အလုပ်ကြမ်းသမားတံငါသည် တစ်ယောက်၏အစာအိမ်သည် မနက်ကလက်ကျန် ထမင်းကြမ်း တစ်ပန်းကန်လောက်ဖြင့် ဘယ်လိုမှ မတင်းတိမ်နိုင်။ အနားတွင်ထိုင်ကာ သူထမင်းစားသည်ကို ငေးကြည့်နေသော မိန်းမဖြစ်သူ၏ မျက်နှာကိုလှည့်၍ သူကြည့်၏။ သူ့အကြည့်ကို မိန်းမလုပ်သူကသိ၏။

''နောက်ထပ်မရှိတော့ဘူး ဒါအကုန်ပဲ။ ကျွန်မတောင်မစားဘဲ ရှင့်ကိုကျွေးတာ''

အသံတိုးတိုးပြောကာ ခေါင်းကိုငုံ့၍ထား၏။

''မင်းသားသမီးတွေဆီသွားပြီး ဆန်သွားမချေးဘူးလား”

ငေါက်၍ ပြောသဖြင့် သူ့လေသံကမာသည်။ ဇနီးဖြစ်သူထံမှစကားပြန်မရလေ။ ငုံ့နေရင်းက မျက်ရည်ပေါက်များ ပေါင်ပေါ်သို့လိမ့်၍ကျနေသည်ကို သူမြင်နေရ၏။

''ပြောလိုက်ရင် ငိုဖို့ပဲတတ်တယ်။ အလကားဘာမှအသုံးမကျတဲ့ မိန်းမ''ဟု မကျေမနပ် ထပ်၍ပြောပြန်၏။

''သွားချေးတိုင်းရရအောင် ရှင့်သားသမီးတွေကသူဌေးတွေကိုး။ သူကြွယ်တွေကိုး။ သူတို့မှာကလဲ သူတို့ဒုက္ခနဲ့သူတို့။ ညည်းတို့အဖေသည်ည ပုစွန်ငုပ်သွားမှာမို့ ကျွေးလိုက်ချင်လို့ ဆန်တစ်ဘူးလောက်ပဲချေးပါဆိုတာတောင် သူတို့မှာကလဲ ညစာပဲရှိသတဲ့၊ အပိုမရှိဘူးတဲ့။ ကျေးဇူးသိတတ်မကြီးတွေပြောလိုက်တာ။ တော့်သားကတော့ ဘာပြောတယ်မှတ်သလဲ၊ အမေတို့ကလဲဗျာ။ ခဏခဏ လာလာဒုက္ခပေးနေတာပဲတဲ့၊ အော်လွှတ်တယ် သိရဲ့လား၊ ကျုပ်တို့က အိုမင်းပြီလေ၊ အစွမ်းအစမရှိတော့ဘူး မဟုတ်လား။ ကျုပ်တို့ကိုချေးရင် ပြန်ရမှာမဟုတ်ဘူးဆိုတာ သိကြတော့ ဘယ်သူကမှပေးချင်ကြတာမဟုတ်ဘူး''

ဒေါသဖြင့်ပြောရင်းက အသံသည်တိမ်၍တိမ်၍ ဝင်ကာ ရှိုက်သံသဲ့သဲ့လေးသာ ပေါ်လာလေတော့၏။

တောက်တစ်ချက်ကိုပြင်းစွာခေါက်မိ၏။ စိတ်ပျက်စွာနှင့်ထကာ လက်ဆေးရ၏။ ရင်ထဲမှာတော့ ဝမ်းနည်းခြင်း၊မကျေနပ်ခြင်း၊ ခံပြင်းခြင်းတို့ ရောထွေး၍နေ၏။

အိမ်ရှေ့ကပြင်သို့ထွက်ကာ ကောင်းကင်ကိုမော့၍ ကြည့်သည်။ မီးခွက်ထွန်းချိန်ရောက်ပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံးမဲမှောင်စပြုနေပြီ။ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးသည် ကတ္တီပါအနက်ထည်ကြီး လွှမ်းခြုံဖုံးအုပ်ထားသကဲ့သို့ရှိ၏။ ကြယ်ကလေးတစ်လုံးကို သော်မှမမြင်ရ၊ လေသည်တစ်စထက်တစ်စပို၍ကြမ်းလာ၏။ မဓမတိုင်ကလေးများထူကာ ဆောက်ထားသော ဓနိမိုးဝါးကြမ်းခင်းအိမ်ကလေးသည် လေပြင်းတစ်ချက်ဝှေ့လိုက်တိုင်း တသိမ့်သိမ့်ပါ၍သွား၏။ မကြာမီ မိုးသဲသဲ ရွာချပေတော့မည်။

လေးကန်သောခြေလှမ်းများနှင့် အိမ်ကလေးပေါ်ပြန်တက်လာကာ ယိုင်ယိုင်နဲ့နဲ့ မဓမအိမ်တိုင်ကလေးကိုအသာမှီ၍ထိုင်၏။ အနားရှိနှုတ်သီးပွဲ့ မြေရေနွေးကရားအိုးကိုလှမ်းယူကာ ပါးစပ်တွင်းသို့ လောင်း၍ထည့်၏။ အေးစက်ခါးသက်လျက်ရှိသော ရေနွေးကြမ်းလက်ကျန်က တစ်ငုံစာပင်မရှိ။

မကျေမနပ်ဖြင့် ဆောင့်၍ ချလိုက်သည်။ အင်းလက်ဖက်ခြောက်မဝယ်နိုင်၍ ရေနွေးကြမ်းပင် အလျှင်မမီတော့ပါလားလေဟုတွေးရင်း မိုးစက်ကလေးတွေပါသော လေပြင်းကြောင့် ချမ်းစိမ့်စိမ့်ဖြစ်လာ၍ သူ့ရင်ဘတ်ကို သူစမ်းကြည့်မိ၏။ အင်္ကျီဗလာကြောင့် အပြိုင်းပြိုင်းထလျက် အိမ်အပျက်၏ အခြင်တန်းများကဲ့သို့ ငေါ်၍ထွက်နေကြသောနံရိုးတို့ကိုသာစမ်းမိ၏။

သူ့စိတ်တို့သည် အတိတ်ကာလကြေးမုံပြင်ကို ပြန်၍ကြည့်မြင်နေမိတော့၏။ ဇုတ္တနိတစ်ရွာလုံး တောကျော်ကိုယှဉ်နိုင်သူမရှိခဲ့။ လက်လှဲရာ၊ တုတ်ဆွဲရာ၊ လှေပြိုင်ရာ သူသာလျှင်ဗိုလ်စွဲခဲ့စမြဲ။ နှစ်တင်းဝင်ဆန်အိတ်နှစ်အိတ် ထပ်လျက်ထမ်းကာ ဘောလုံးတစ်ကွင်းစာခန့် လယ်တစ်ကွက်ကို တစ်ပတ်ပတ်နိုင်ခဲ့၏။

အို ဒါတွေကအရင်ကအဖြစ်တွေပါ။ ယခုတော့မူ မှေးမှိန်မှုန်ဝါးဆေးသားပြယ်သော ပန်းချီကားတစ်ချပ်နှယ်သာ။ ထိုစဉ် သူ့ပခုံးပေါ်သို့ တစ်စုံတစ်ခု ကျလာသဖြင့် မော့၍ကြည့်၏။ သူ့ဇနီးမခင်မေက အရောင်အဆင်းမပေါ်တော့သော စွပ်ကျယ်ဟောင်းကလေးလာတင်ပေးခြင်း ဖြစ်တော့၏။

သူ့ရင်ထဲတွင် နင့်ခနဲဖြစ်၏။ စောစောကသူဆူခဲ့၊ ငေါက်ခဲ့မိသည်များကို တွေးမိရင်းဇနီးဖြစ်သူကို သနားစိတ်ဖြစ်၍သွားသည်။ ပြန်၍ချော့မည်ဟု စိတ်ကူးသည်။ ပြောစရာစကားလုံးရှာ၍မရ။ သူ့အဖို့ ဘယ်တုန်းကမှလည်း ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောတတ်။ ထို့ကြောင့်-

''ငါသွားတော့မယ်ကွယ်။ ပြန်လာမှ ရွာထိပ်က အစိန်တို့ ကုန်စုံဆိုင်ကိုနှိုးပြီး ဆန်ဝယ်လာခဲ့မယ်၊ စောင့်နေနော်''ဟုမှာ၏။ အဲဒါသည်ပင် သူကချော့သောစကားဟု အနှစ်သုံးဆယ်ကျော် ပေါင်းလာခဲ့သော မခင်မေကသိ၏။

သူ့ကိုဘာမှပြန်၍မပြော။ နောက်ဖေးဘက်ဝင်သွားကာ ဝါးဖတ်ခမောက် အဟောင်းကလေးကိုကိုင်ကာ ပြန်ထွက်လာပြီးသူ့ကိုပေး၏။ သူလှမ်းယူကာ အိမ်ရှေ့ချောင်းကမ်းစပ်သို့ဆင်းသည်။ နွံထဲတွင်စိုက်ထားသော ထီးရိုးဝါးလုံးရှည် ကိုနဲ့၍နဲ့၍နှုတ်ကာ လှေပေါ်သို့ အလျားလိုက်တင်သည်။ လှေဦးကကြိုးကိုဖြေ၍ ထွက်မည်ပြုစဉ်-

''ကိုတောကျော် ခဏ ခဏ''ဟုပြောကာ မခင်မေ အိမ်ဘက်သို့ အပြေးထွက်သွားကာ ပြန်လာပြီး "ရော့'' ဟု တစ်ခွန်းတည်းပြောကာ အထုပ်ကလေး တစ်ခုလှမ်းပေးသည်။ သူသိလိုက်သည်။ သူအလောတကြီးနှင့် ထွက်လာခဲ့၍ မေ့ကျန်ခဲ့သောဆေးပြင်းလိပ်နှင့် မီးခြစ်ထုပ်ပါတကား။

မိုးဖွဲကလေးများကျဆင်းလျက်ရှိသော ချောင်းရေပြင်သို့ သူ့လှေကို လှော်၍ထွက်ခဲ့၏။ ဝါးနှစ်ရိုက်ခန့်လွန်သည်နှင့် နောက်သို့ပြန်လှည့်ကြည့်မိ၏။ ပြိုးပြက်လျှပ်ရောင်အောက် ချောင်းကမ်းနဖူးတွင်ရပ်၍ သူ့ကိုငေးကြည့်နေဆဲဇနီးဖြစ်သူကိုတွေ့၏။ သည်မိန်းမအိမ်ထဲဝင်တာမဟုတ်ဘူး။ မိုးဖွဲတွေကကျနေပါလျက်နဲ့၊ အသက်ကငယ်တော့တာမဟုတ်ဘူး။ တော်ကြာဖျားနာနေမှဟု ကရုဏာဒေါသောဖြင့် တွေးရင်း လှော်ခတ်လာခဲ့လေရာ သရွတ်သွတ်မြစ်မကြီးနှင့် ဇုက္ကနိချောင်းကလေးဆုံရာ အဝသို့ ရောက်လာခဲ့၏။

သရွတ်သွတ်မြစ်မကြီးသည် အခြားအခြားသော မြစ်တို့ထုံးစံအတိုင်း တစ်ဖက်တွင် ကမ်းပြိုကာ တစ်ဖက်တွင်သောင်ထွန်းလျက်ရှိ၏။

ကမ်းပါးပြတ်ကို တိုက်စားလျက်ရှိသော ရေအရှိန်ကြောင့် တဟဲဟဲ မြည်သံကိုပင်ကြားနေရ၏။ အခြားတစ်ဖက်တွင်တော့ ပြန့်ပြူးရှည်လျားသော သောင်ခုံညိုညိုကိုစင်းစင်းကြီးမြင်နေရ၏။ သူလှေကိုလှော်ရင်းတွေးလျှက်ရှိ၏။ အနီးအပါးနေရာများတွင် ပုစွန်ငုပ်၍တော့များများစားစားမရနိုင်။ သူတကာရှာဖွေ၍ ထောင်းထောင်းကြေလျက်ရှိနေလောက်ပြီ။ ယနေ့ညအဖို့ သူ ပုစွန်များများရမှဖြစ်မည်။

သို့ဖြစ်၍ သူတကာပုစွန်မငုပ်နိုင်သောနေရာသို့ သွားမှဖြစ်လိမ့်မည်။ ဟုတ်ပြီ။ ပျဉ်းမပင်ဝဲနားကိုသွားမည်။ ထိုနေရာသည် အခြားနေရာများထက်ရေကပို၍ နက်သည်။ မြင့်မားသောကမ်းပါးပြတ်ကြီးများနှင့် အောက်ခြေတွင်ရေတိုက်စားသဖြင့် ကလိုင်ခေါင်းကြီးများရှိသည်။ ရေစွယ်ရေစီးကြမ်းလှ၍ သာမန်ပုစွန်ငုပ်သူများ မသွားရဲ၊ မငုပ်ရဲကြ။ ကျိန်းသေပုစွန်များများရနိုင်ပေလိမ့်မည်။

သူလှေကိုအားစိုက်၍ လှော်လာခဲ့သည်။ မြစ်ရေပြင်ပေါ်သို့ မိုးစက်မိုးပေါက်တို့သည် စွေစွေစောင်းစောင်းကျရောက်လျက်ရှိ၏။ လေဟုန့်သဖြင့် လှိုင်းဂယက်ကလေးတို့သည် တဖျတ်ဖျတ်လူးလွန့် ကခုန်လျက်ရှိ၏။

တစ်နာရီခန့်အားစိုက်၍ လှော်လိုက်လျှင် ပျဉ်းမပင်ဝဲနားသို့ရောက်လာခဲ့ သည်။ လှေကိုအရှိန်သတ်၍ ကမ်းပါးသို့ကပ်၏။ မောဟိုက်လှ၍ သူ့ရင်အုံသည် နိမ့်ချည်မြင့်ချည်နှင့် အသက်ကိုအားစိုက်၍ရှုနေရ၏။ သူငယ်စဉ်ကဆိုလျှင် ယခုလိုတစ်နာရီခရီးကိုမပြောနှင့်၊ ကျိုက်လတ်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းစသည့်မြို့များထိ လှေဖြင့်လှော်ကာသွားလာခဲ့ဖူးပါ၏။

ယခုမူ ဇရာကအစွမ်းပြလေပြီ။ အိုမင်းမစွမ်းဆိုသောစကားကိုအခြေခံ၍ရွာဦးကျောင်းဆရာတော်က မိန့်ကြားခဲ့ဖူးပါ၏။

''အိုလာတဲ့အခါမှာ ဘာကိုမှမစွမ်းနိုင်တော့ဘူး။ အဲဒါ ဇာတိ၊ဇရာရဲ့ သဘောပါပဲ နောက်မှာဗျာဓိဆိုတဲ့ နာခြင်းက ကပ်လျက်ပါလာနေပြီး မရဏဆိုတဲ့ သေခြင်းတရားအဆုံးကိုမရောက်မီ သတ္တဝါတိုင်းတွေ့ရမဲ့သဘောတွေပါပဲတကာတို့။ ခန္ဓာရှိနေသမျှ အဲဒီတရားတွေဟာလဲ မလွဲမသွေရှိနေဦးမှာပါပဲ။ အဲဒီတော့ ယခုပင်လျှင်မအိုခင်က ကြိုတင်ကောင်းမှုကြိုးစားပြုလော့ဆိုတဲ့ အဆုံးအမကလေးလို မအိုခင်၊ မနာခင်၊ မသေခင်မှာကောင်းမှု သုစရိုက်ကို ကြိုးစားပြုကြဖို့လိုပါတယ်။ လောဘ၊ ဒေါသ၊ မောဟတရားတွေကိုလဲ နည်းနိုင်သမျှ နည်းအောင် တတ်နိုင်သရွေ့ ကြိုးစားကြရမယ်။ မနည်းဘဲနဲ့ များရင်များသလောက် ဒုက္ခရောက်ကြရမှာပဲဆိုတာ သတိချပ်ကြပါတကာတို့”

ဆက်လက်ဖော်ပြပါမည်။

# ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၀၅ ဧက စိုက်ပျိုးပြီးစီး



**ခန္တီး ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၆၀၅ ဧက စိုက်ပျိုးပြီးစီးသဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၇၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ မြေပဲဧက ၇၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက်စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်ထံမှ သိရသည်။(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း နှစ်လခွဲ စပါးတင်းရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း နှစ်လခွဲ စပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက နှစ်လခွဲစပါးတင်းရေ ၅၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ နှစ်လခွဲစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့က နေ စပါးတွေ ဆန်တွေနဲ့ အခြားလယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။အဲ့ဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေလို့ တင်ပို့မှုကောင်းခဲ့တာ ဖြစ်ပါတယ်။ နှစ်လခွဲစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်း နှစ်လခွဲစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၉၅၀၀၀ ထိဈေးပေါက်နေကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ကွန်ဟိန်းမြို့နယ် ဆိုင်းမွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ကွန်ဟိန်း ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုင်းမွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဆိုင်းမွန်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများနှင့် အဆိုပါလမ်းပေါ်ရှိ Slab Culvert တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆိုင်းမွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် မြေသားနှစ်ပေ၊ သဲဖြူနှင်း ကိုးလက်မရှိ မြေသားလမ်းသဲဖြူနှင်းခင်းခြင်းလုပ်ငန်းနှင့် အလျား ရှစ်ပေ၊ အနံ ၂၂ပေ၊ အမြင့် ငါးပေရှိ Slab Culvert တံတားတည်ဆောက်ခြင်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၂၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် နောင်ရဲရင့်နှင့် မြင့်မြတ်ခြယ် ကုမ္ပဏီတို့က ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**

## မေတ္တာနဲ့တည် တို့တိုင်းပြည်

\- မေတ္တာနဲ့ တည်မှပဲ
ပြည်က ငြိမ်းပေမယ်၊
အမုန်းနဲ့ တည်သမျှတော့
ပြည်လုဖို့မလွယ်၊
အတ္တတွေး ရှောင်ဖယ်
ဆောင်ဖွယ်ပ့ါ မေတ္တာစိတ်၊
အမုန်းတွေ မလိုအပ်မို့
သော့ခတ်လို့ပိတ်။

\- မေတ္တာဟာ အချစ်စိတ်မို့
အညစ်ရိပ် ကင်းပေတယ်၊
အမုန်းကို ဆောင်သမျှတော့
အမှောင်ပဖို့မလွယ်၊
အားလုံးလည်း အေးစေရှယ်
ဘေးသွေဖယ်ပ့ါ အာဃာတ၊
အများလျှင် အဆွေးကင်းဖို့
အေးခြင်းကို ပြ။

\- မေတ္တာသာ အညီအမျှ
တည်ကြပ့ါ တို့ပြည်ထောင်၊
မေတ္တာဟာ အအေးအလှ
တွေးဆတိုင်းအောင်၊
အမုန်းက အညစ်အမှောင်
မဖြစ်အောင် ထိန်းပါကြ၊
မေတ္တာဖွဲ့ပြည်
ချစ်စွာနဲ့တည်ပါစို့
ကြည်လင်စွာ ပြည်နယ်ဝန်း
အို...
အေးချမ်းမဲ့ဘဝ။ ။

**လွမ်းလေးကို (သရက်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဥရောပသမဂ္ဂ - ဖိလစ်ပိုင် လွတ်လပ်သောကုန်သွယ်မှုစာချုပ်၏ အရေးပါမှုအလားအလာ

၂၀၂၄ ခုနှစ် မတ်လတွင် ဥရောပသမဂ္ဂ (EU) နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (FTA) အပြီးသတ်နိုင်ရေးအပေါ် အလေးထားသော နှစ်နိုင်ငံဆွေးနွေးပွဲများ ပြန်လည် လုပ်ဆောင်ရန် သဘောတူညီခြင်းအားဖြင့် ထူးခြား သော ခြေလှမ်းတစ်ရပ်ကို စတင်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်ကတည်းက ဆွေးနွေးပွဲများ ရပ်ဆိုင်းထားခဲ့သော ကြောင့် ယခုတိုးတက်မှုသည် ထူးခြားသော လှုပ်ရှား မှုပင်ဖြစ်သည်။

ဥရောပသမဂ္ဂထံမှ စိတ်ဝင်စားမှုပြန်လည်ရှင်သန် လာခြင်းသည် ၂၀၂၂ ခုနှစ်တွင် ရွေးကောက်ခံခဲ့ရသည့် သမ္မတဖာဒီနန်မားကို့စ်အစိုးရလက်ထက်၌ အပြု သဘောဆောင်သောအရွေ့တစ်ခုကို ထင်ဟပ်စေ လျက်ရှိသည်။ ဖာဒီနန်မားကို့စ်အစိုးရသည် သံခင်း တမန်ခင်းနှင့် စီးပွားရေးဆိုင်ရာဆက်ဆံရေးကို မြှင့်တင်ရန် ခိုင်မာသောဆုံးဖြတ်ချက်ကို ထုတ်ဖော် ပြသခဲ့ပြီး လွတ်လပ်သောကုန်သွယ်မှုသဘောတူ စာချုပ်ဆွေးနွေးပွဲပြန်လည်စတင်ခြင်းသည် ဥရောပ သမဂ္ဂနှင့် ကုန်သွယ်မှုဆိုင်ရာဆက်ဆံရေး ပြန်လည် အားကောင်းလာစေမည့် အရေးပါသော ခြေလှမ်း တစ်ရပ်ပင်ဖြစ်သည်။

ဥရောပသမဂ္ဂနှင့် အင်ဒို-ပစိဖိတ်ဒေသသည် ပထဝီအနေအထားအရ ဝေးကွာမှုရှိနေသော်လည်း အပြန်အလှန်စီးပွားရေးအကျိုးစီးပွားများနှင့် မျှဝေ လက်ခံထားရသည့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှု များကြောင့် နက်ရှိုင်းသောချိတ်ဆက်မှုများရှိနေ သည်။ ဖိလစ်ပိုင်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် မဟာဗျူဟာမြောက် အဓိကနိုင်ငံဖြစ်နေသော ကြောင့် ဥရောပသမဂ္ဂ၏ မတူညီသောကုန်သွယ်မှု ကွန်ရက်များထူထောင်ရန်အပြင် နိုင်ငံရေးနှင့် စီးပွား ရေးဆိုင်ရာ စွန့်စားမှုများ လျှော့ချနိုင်ရေးကြိုးပမ်းမှု များတွင် အရေးပါလာလျက်ရှိသည်။ ပထဝီနိုင်ငံရေး ဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်လာမှုများသည် ဥရောပ သမဂ္ဂ၏ တည်ငြိမ်အေးချမ်းရေးကြိုးပမ်းမှုနှင့် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံတကာရပ်တည်ချက် ပိုမို မြှင့်တင်တည်ဆောက်ရေးကြိုးပမ်းမှုများနှင့် ကိုက်ညီ လျက်ရှိသောကြောင့် ပြီးပြည့်စုံသော ကုန်သွယ်ရေး သဘောတူညီချက်တိုးတက်လာစေရန် တွန်းအား ပေးလျက်ရှိသည်။

**ဖိလစ်ပိုင်၏စီးပွားရေးအလားအလာ**

ဥရောပသမဂ္ဂ-ဖိလစ်ပိုင် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်သည် နှစ်နိုင်ငံဆက်ဆံ ရေး ခိုင်မာအားကောင်းရေးအတွက် အလားအလာ များစွာရှိနေသောကြောင့် စီးပွားရေးဆိုင်ရာဆက်ဆံမှု တွင် အဆင့်သစ်တစ်ရပ်သို့ တိုးတက်လာစေမည်ဖြစ် သည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ အူစူလာဗွန်ဒါ လေယင့်သည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်သို့ သမိုင်းဝင်အလည်အပတ်ခရီး လာရောက်ခဲ့သော ကြောင့် နှစ်ဖက်စလုံးသည် ကာလရှည်ကြာရပ်ဆိုင်း ထားသော ဆွေးနွေးပွဲများပြန်လည်စတင်ရန် ခိုင်မာ သည့် နိုင်ငံရေးစိတ်ဆန္ဒကို ပြသခဲ့သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် တရားဝင်ဆွေးနွေးပွဲ များ စတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် နောက်ထပ်ဆွေးနွေးပွဲပြုလုပ်သွားရန် မျှော်မှန်းထား ရှိသည်။ အလားတူ တတိယမြောက်ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ စတုတ္ထမြောက် ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် ၆၀ ပြည့် အခမ်းအနားကျင်းပခြင်းနှင့်အတူ ဥရောပသမဂ္ဂနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နက်ရှိုင်း သောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေး ထူထောင်သွားရန် ပြင်ဆင်ခဲ့ကြသည်။ အထူးသဖြင့် အနာဂတ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါသောကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ၎င်းကုန်သွယ်မှု စာချုပ်သည် နှစ်နိုင်ငံကုန်သွယ်ရေးကို ယူရို ခြောက် ဘီလီယံထိ တိုးတက်ရန် မျှော်မှန်းထားရှိသည်။

ဖိလစ်ပိုင်ရှုထောင့်အရမူ ဥရောပသမဂ္ဂ-ဖိလစ်ပိုင် လွတ်လပ်သောကုန်သွယ်မှုသဘောတူ စာချုပ်ဆွေးနွေးပွဲများ ပြန်လည်စတင်ခြင်းသည် အချိန်အခါကောင်းဖြစ်ပြီး မဖြစ်မနေလုပ်ဆောင် သွားရမည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟု ရှုမြင် ထားရှိသည်။ မားကို့စ်က ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ များတွင် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခြင်းသည်



ဖိလစ်ပိုင်သမ္မတနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌတို့ တွေ့ဆုံစဉ်။

ကုန်သွယ်ရေးသဘောတူညီချက်များအတွက် အခြေ အနေကောင်းများကို ဖန်တီးပေးလျက်ရှိကြောင်း အလေးထားပြောကြားသွားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ သည် ဥရောပသမဂ္ဂထံမှ ကုန်သွယ်မှုအခွင့်အလမ်း များရရှိထားသဖြင့် ထုတ်ကုန် ၆၂၇၄ မျိုးကို ဥရောပ သမဂ္ဂသို့ တင်ပို့ရာ၌ အခွန်ကင်းလွတ်ခွင့်ရရှိလျက်ရှိ သည်။ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ၎င်းအခွင့် အလမ်းများ ဆက်လက်ရရှိရေးအတွက် ဥရောပ သမဂ္ဂထံသို့ အဆိုပြုထားရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၈ ခုနှစ်တွင် သမ္မတ အသစ် ရွေးကောက်တင်မြှောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၈ ခုနှစ်မတိုင်မီ ဥရောပသမဂ္ဂ- ဖိလစ်ပိုင် လွတ်လပ်သောကုန်သွယ်မှုသဘောတူ စာချုပ် အပြီးသတ်နိုင်ခြင်းသည် ရေရှည်ကုန်သွယ်မှု အကျိုးဖြစ်ထွန်းမှုများ ခိုင်မာသေချာစေရန်နှင့် ဈေးကွက်ဝင်ရောက်ခွင့်တိုးမြှင့်နိုင်ရန် နိုင်ငံရေးနှင့် စီးပွားရေးရှုထောင့်အရ အရေးပါလျက်ရှိသည်။ လက်ရှိအစိုးရလက်ထက်တွင် သဘောတူညီချက် အပြီးသတ်ခြင်းသည် အပြုသဘောဆောင်သော အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရန် အကူ အညီဖြစ်စေမည့်အပြင် စဉ်ဆက်မပြတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကျိုး ဖြစ်ထွန်းမှုများအတွက်လည်း အထောက်အကူဖြစ် စေမည်ဖြစ်သည်။

လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် သည် ဖိလစ်ပိုင်နိုင်ငံကို စိုက်ပျိုးရေး၊ အထည်အလိပ်၊ တွင်းထွက်ပစ္စည်းနှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှု တို့အတွက် ဈေးကွက်ရရှိရေးအပါအဝင် အခွင့်အလမ်း များစွာ ကမ်းလှမ်းထားရှိသည်။ သာဓကအနေဖြင့် ဒေသတွင်းအထည်အလိပ်လုပ်ငန်းသည် အလုပ် အကိုင်အခွင့်အလမ်းများဖန်တီးနိုင်ခြင်းနှင့် ပြည်ပ ပို့ကုန်တိုးမြှင့်နိုင်ခြင်းတို့ကို သိသိသာသာအကျိုး ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်သည်။ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အကောင်အထည် ဖော်ပြီး ပထမသုံးနှစ်အတွင်း အထည်အလိပ်ကဏ္ဍ သည် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာသန်း ၆၀၀ ခန့်ရရှိမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်း ၁၂၀၀၀၀ မှ ၂၅၀၀၀၀ ခန့် ဖန်တီးပေးနိုင်မည်ဖြစ် ကြောင်း ဖိလစ်ပိုင်အထည်အလိပ်ပြည်ပတင်ပို့သူများ အဖွဲ့က ခန့်မှန်းထားရှိသည်။ ထို့ပြင် အမေရိကန် ဒေါ်လာ ၅၀ ဘီလီယံခန့် ရရှိနေသော သတင်းနည်း ပညာအခြေပြု စီးပွားရေးစက်မှုလုပ်ငန်းအနေဖြင့် လည်း ဥရောပသမဂ္ဂဈေးကွက်များသို့ ပိုမိုတင်ပို့ခွင့် ရရှိလာမည်ဖြစ်သည်။ အလားတူ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်သည် ဖိလစ်ပိုင်နိုင်ငံကို ဥရောပဒေသသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန် အခွင့် အလမ်းများရရှိလာစေမည်ဖြစ်သည်။

သို့သော် စိန်ခေါ်မှုများလည်းရှိနေဆဲပင်ဖြစ်သည်။ သတင်းအချက်အလက်မူပိုင်ခွင့်များနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများသည် ယခင်ပြုလုပ်ခဲ့ သောဆွေးနွေးပွဲများ၌ အဓိကအတားအဆီးများဖြစ်ခဲ့ သည်။ အဆိုပါပြဿနာများကို ဖြေရှင်းခြင်းသည် ပြီးပြည့်စုံပြီး ဟန်ချက်ညီသောသဘောတူညီချက် များရရှိရေးအတွက် များစွာအရေးပါနေမည်ဖြစ် သည်။ တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်သည် လူ့အခွင့် အရေးတိုးတက်မှုအပါအဝင် အဓိကနယ်ပယ်များတွင် တိုးတက်မှုများကို ပြသလျက်ရှိသည်။ ဥရောပသမဂ္ဂ သည် ကုန်သွယ်မှုအစီအစဉ်များတွင် လူ့အခွင့်အရေး ကို အလေးထားလျက်ရှိသောကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှု မူဝါဒများပြောင်းလဲမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် လွတ်လပ် သောကုန်သွယ်မှု သဘောတူစာချုပ်ဆွေးနွေးပွဲများ အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ဆိုရလျှင် ဥရောပသမဂ္ဂ-ဖိလစ်ပိုင် လွတ်လပ် သောကုန်သွယ်မှုသဘောတူစာချုပ် သဘောတူညီ ချက်သည် စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများ အပြင် စဉ်ဆက်မပြတ်တိုးတက်မှု၊ အလုပ်သမား အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုတို့တွင်လည်း မျှဝေခံစားနိုင် စေမည်ဖြစ်သည်။

**ဥရောပသမဂ္ဂ၏ ရှုထောင့်**

ဥရောပသမဂ္ဂသည် ကမ္ဘာ့ကုန်သွယ်မှုရှုယ်ယာ၌ အနည်းငယ်ကျဆင်းလာသော်လည်း ကမ္ဘာ့စီးပွားရေး အင်အားကြီးအုပ်စုအဖြစ် ရပ်တည်နေဆဲပင်ဖြစ် သည်။ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု(FDI) စတော့ခ်၏ ၃၇ ဒသမ ၁ ရာခိုင်နှုန်းခန့် ကို ပိုင်ဆိုင်ထားရှိပြီး FDI နယ်ပယ်တွင် ဦးဆောင် အဖွဲ့အဖြစ် ရပ်တည်လျက်ရှိသည့် ဥရောပသမဂ္ဂ အနေဖြင့် ၎င်း၏စီးပွားရေးအင်အားကို ပိုမိုထိရောက် စွာ အသုံးချသွားရန် လိုအပ်ပေသည်။ ဥရောပသမဂ္ဂ အနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် အဓိကစိတ်ဝင်စား သည့် နေရာသည် ဖိလစ်ပိုင်ဈေးကွက်ပင်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံတွင် ပဉ္စမမြောက် အကြီးမားဆုံးစီးပွားရေးကို ပိုင်ဆိုင်ထားရှိပြီး GDP အမေရိကန် ဒေါ်လာ ၄၃၇ ဘီလီယံနှင့် လူဦးရေ ၁၁၅ သန်းရှိသည်။ ၂၀၂၂ ခုနှစ်တွင် ဥရောပသမဂ္ဂနှင့် ဖိလစ်ပိုင်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံကျော်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ဝန်ဆောင်မှုလုပ်ငန်းများမှ ကုန်သွယ် မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရှိခဲ့သည်။

နီကယ်၊ ကြေးနီ၊ ခရိုမိုက်ကဲ့သို့သော ဖိလစ်ပိုင် နိုင်ငံ၏ ပေါကြွယ်ဝလှသော ကုန်ကြမ်းပစ္စည်းများ သည် ဥရောပသမဂ္ဂ၏ အစိမ်းရောင်နှင့် ဒစ်ဂျစ်တယ် အပြောင်းအလဲအတွက် များစွာအရေးပါလျက် ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် များပြားလှသော သတ္တုတွင်းထွက်များရှိသောကြောင့် ပိုင်ဆိုင်မှု၌ ကမ္ဘာ့ပဉ္စမမြောက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် ညီမျှသော ဟက်တာကိုးသန်းခန့်၌ အရန်သတ္တုတွင်းထွက်သိုက် များရှိနေသည်။ တွင်းထွက်ပစ္စည်းများပေါကြွယ်ဝလှ သောကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့သတ္တုတွင်း ထွက်ပိုင်ဆိုင်မှုတွင် အဆင့် ၁၀ ၌ ရပ်တည်လျက် ရှိသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် တွင်းထွက် ရွှေပိုင်ဆိုင်မှု၌ ကမ္ဘာ့အဆင့် ၃၊ ကြေးနီပိုင်ဆိုင်မှု၌ အဆင့် ၄၊ နီကယ်ပိုင်ဆိုင်မှု၌ အဆင့် ၅ နှင့် ခရိုမိုက် ပိုင်ဆိုင်မှုတွင် အဆင့် ၆ ၌ အသီးသီးရပ်တည် လျက်ရှိသည်။

ဖိလစ်ပိုင်စီးပွားရေးကို မြှင့်တင်နိုင်မည့် အခြား အထောက်အကူကိရိယာတစ်ခုမှာ ကမ္ဘာလုံးဆိုင် ရာဝင်ထွက်သွားလာနိုင်သည့် တံခါးပေါက်ပင်ဖြစ် သည်။ ၂၀၂၃ ခုနှစ်အတွင်း ဘရပ်ဆဲလ်မြို့၌ ပြုလုပ် ခဲ့သည့် ကမ္ဘာ့လုံးဆိုင်ရာဝင်ထွက်ပေါက်ညီလာခံ၌ လက်မှတ်ရေးထိုးခဲ့သော ယူရို ၆၀ ဘီလီယံတန်ဖိုး ရှိသည့် အစိမ်းရောင်စီးပွားရေးအစီအစဉ်ဆိုင်ရာ ဥရောပသမဂ္ဂ-ဖိလစ်ပိုင်ဘဏ္ဍာရေး သဘောတူညီ ချက်သည် ဖိလစ်ပိုင်နိုင်ငံ၏ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်မှု အရေးပါသောခြေလှမ်းပင် ဖြစ်သည်။ ၎င်းသဘောတူညီချက်သည် ပုံမှန်စီးပွား ရေးလုပ်ငန်းမြှင့်တင်ရန်၊ စွန့်ပစ်ပစ္စည်းလျှော့ချရန်၊ ရေစီမံခန့်ခွဲမှုတိုးတက်စေရန်နှင့် ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင် ပိုမိုတိုးတက်လာစေရန် ရည်မှန်း ထားရှိသည်။

ဆိုရလျှင် ဥရောပသမဂ္ဂ-ဖိလစ်ပိုင်ပူးပေါင်း ဆောင်ရွက်မှုသည် စီးပွားရေးဆက်ဆံရေး ပိုမိုခိုင်မာ အားကောင်းလာစေမည့်အပြင် ဒေသတွင်း၌ ဖိလစ်ပိုင်နိုင်ငံ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင် ပေးနိုင်မည်ဖြစ်ပေသည်။ ဥရောပသမဂ္ဂအနေဖြင့် ဖိလစ်ပိုင်နိုင်ငံကို အင်ဒို-ပစိဖိတ်ဒေသတွင် အဓိက မိတ်ဖက်နိုင်ငံအဖြစ် ရှုမြင်ထားရှိသည့်အပြင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့နှင့်လည်း အလားတူ ကုန်သွယ်မှုသဘောတူညီချက် တိုးချဲ့သွားရန် ရည်မှန်းထားရှိသည်။ အမှန်မှာ ကုန်သွယ်မှု သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခြင်း သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရာ၌ နှစ်ဖက် စလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ပေသည်။

**ကိုးကား**

- The Importance of the EU – Philippines Trade Deal By The Diplomat.

ဝင်းဇင်(သုတေသန)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၇၇၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၀၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်းဧက ၇၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၀၂၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၁၀၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၀၉၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ၆၅၀၈၉ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၃၁၆၀၊ ကနီမြို့နယ်တွင် ဧက ၂၄၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၃၉၀၀၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ဧက ၇၇၉၈၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းယန်း ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ချင်းမြေခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာတွင် အရှည်ပေ ၁၉၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာကုန်ထုတ်လမ်း ချင်းမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်းငွေကျပ် ၁၆ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

**အောင်ရဲကျော်**

# ကြေးတူရိယာ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသည့် အဓိကကျသော တူရိယာငါးမျိုးတွင် ကြေးဖြင့်ပြုလုပ်ထားသောတူရိယာများကို ကြေးတူရိယာဟုခေါ်သည်။ ကြေးတူရိယာများအနက် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် တွဲဖက်တီးကြသည့် ကြေးတူရိယာများမှာ ကြေးနောင် (ကြေးဝိုင်း)၊ မောင်းဆိုင်း၊ လင်းကွင်း၊ စည်း၊ သံလွင်တို့ပင်ဖြစ်သည်။ ကြေးဖြင့်ပြုလုပ်သော တူရိယာတို့တွင် ကြေးပလွေ၊ ကြေးခရာ၊ ကြေးပတ္တလား၊ ကြေးကောက်၊ ကြေးအိုးစည်(ဖားစည်) တို့လည်း ထည့်သွင်းကြသည်။ သုမင်္ဂလာ၊ ဒုမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုသည့် ကြေးစည်သည်လည်း ကြေးတူရိယာအစုတွင် ထည့်သွင်းကြသည်။

ကြေးတူရိယာသည် ပျူခေတ်ကပင် စတင်တည်ရှိခဲ့သည်။ အေဒီ ၈၀၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့်ပျူဂီတအဖွဲ့သုံး တူရိယာ ၂၂ မျိုးတွင်မှု သတ္တုပြဟုသုံးထားသည်။

တရုတ်တို့၏မှတ်တမ်းတွင် "စည်းလေးခုပါရာ နန်းတော်အတွင်းရှိ ကူချာတီးဝိုင်းမှ စည်းကဲ့သို့ဖြစ်၏။ အဝန်းသည် သုံးလက်မ၊ သားရေကြိုးဖြင့် သီထားသည်။ တေးသံနှင့်စည်းကျအောင် ရိုက်ခတ်သည်"ဟုတွေ့ရသည်။ ကူချာတီးဝိုင်းဟူသည် အိန္ဒိယနိုင်ငံသားများ၏ တီးဝိုင်းဖြစ်သည်။ စည်းလေးခုသည် ရိုက်ခတ်တူရိယာဟုဆိုထားပြီး သတ္တု၊ ကြေးစသည့်မည်သည့်ပစ္စည်းဖြင့် ပြုလုပ်ထားကြောင်း ဖော်ပြမထားသည်ကို တွေ့ရသည်။ ပျူတို့၏တူရိယာများတွင် "သံပြားနှစ်ချပ်ပါပြီး ထိုသံပြား၏ အလျားသုံးလက်မ၊ အနံနှစ်လက်မခွဲရှိ၍ မျက်နှာပြင်ညီညာနေသည်။ ကျောဘက်တွင် လက်ကိုင်ရှိ၍ သားရေပတ်ကြိုးဖြင့် ပတ်ချည်ထားသည်။ ဤသံပြားနှင့် အထက်ကစည်းများကို ကျစ်ကြိုးငယ်လေးများတွင် ရောင်စုံဝါဂွမ်းချည်မျှင်ဖြင့် ပြုလုပ်ထားသော ပန်းငုံသဖွယ် အတုံးလေးများဖြင့် တန်ဆာဆင်ထားသည်"ဟုဖော်ပြထားရာ အဆိုပါတူရိယာသည် ယနေ့ခေတ်သုံး လင်းကွင်းဖြစ်နိုင်သည်။


လင်းကွင်းအပြားကိုစည်းဖြင့် ရိုက်ခတ်ခြင်းဖြစ်မည်။ သံပြားဟုဆိုသော်လည်း ပျူတို့က သတ္တုပြဟုသုံးထားသည်။ သို့သော်လည်း တရုတ်ဘုရင်တဲကျန်းလက်ထက်က နန်းတွင်းအတွင်းဝန်ကဗျာစာဆိုရှင်ကြီးဖြစ်သော ပေါ်ကျူးယိ စပ်ဆိုထားသည့်ကဗျာထဲတွင် "ကြေးဖြင့်ပြီးသောစည်ကြီးကို အချက်ပေါင်းများစွာတီးခတ်လိုက်လေသော် ထိုးကွင်းထိုးထားသော ကိုယ်လက်အင်္ဂါက လှုပ်ရှားလာသည်"ဟု ရေးထားသည်ကို တွေ့ရသည်။ တရုတ်တို့က "ကြေး"ဟုဖော်ပြထားသည်။ တရုတ်တို့၏မှတ်တမ်းအရ ပျူခေတ်တွင် ကြေးတူရိယာသုံးနေပြီဖြစ်ကြောင်း သိရှိရသည်။

သက္ကရာဇ် ၅၅၂ ခုနှစ်ထိုး ပုဂံဂူနီဘုရားကျောက်စာတွင် "စည်၊ ပသာ၊ ခွက်ခွင်း" ဟူ၍တွေ့ရသည်။ "ခွက်ခွင်းသည်ကားငဖြူ"ဟု တူရိယာပညာရှင် အမည်ပင် ပါဝင်ခဲ့သည်။ ပန်တျာသုတေသီတို့၏ အဆိုအရ ပုဂံခေတ်သုံးမြန်မာ့တူရိယာ ၁၉ မျိုးရှိကြောင်း ပုဂံခေတ်ထိုးကျောက်စာများ၏ တူရိယာစာရင်းအရ သိရသည်။ ၎င်းတို့အထဲတွင် ခွက်ခွင်း၊ သံလွင်တူရိယာများပါဝင်ကြသဖြင့် ကြေးတူရိယာသည် ပုဂံခေတ်တွင် တည်တည်တံ့တံ့ သုံးစွဲနေကြပြီဖြစ်သည်။

အင်းဝခေတ်မှတ်တမ်းဝင်တူရိယာများမှာ အငြိမ့်တီးတူရိယာ ခြောက်မျိုး၊ တံပိုး ရှစ်မျိုး၊ ကြေး ၁၀ မျိုး၊ စည် ၁၃ မျိုး ပေါင်း ၃၇ မျိုးဖြစ်၍ တူရိယာ ၃၇ ချင်းဟုလည်း မှတ်သားကြသည်။

အင်းဝခေတ် တူရိယာက ၁၉ မျိုးရှိသည်ဟု မှတ်သားရသည်။ အင်းဝခေတ်တူရိယာစာရင်းအရ ကြေးတူရိယာများကို ပိုမိုသုံးစွဲလာကြသည်။ တူရိယာအမျိုးအစားအသေးစိတ်ကိုမူ ဖော်ပြထားခြင်းမရှိကြချေ။

ပျူ၊ ပုဂံ၊ အင်းဝခေတ်သုံး ကြေးတူရိယာများအနက် နောက်ပိုင်းခေတ်အဆက်ဆက်တွင် လိုက်ပါသုံးစွဲခြင်းမပြုသောကြောင့် တူရိယာများမှာ တိမ်ကောပျောက်ကွယ်သွားကြသည်။ မှတ်တမ်းများကား ပျောက်ပျက်ခြင်းမရှိသောကြောင့် အမည်နာမအရေအတွက်တို့ ကျန်ရစ်ခဲ့ကြခြင်းဖြစ်သည်။ တူရိယာများမှာလည်း သုံးစွဲပုံပြောင်းလဲသွားသည်။ ပုဂံခေတ်သုံးခွက်ခွင်းသည် ယနေ့လင်းကွင်းဖြစ်လာခဲ့သည်။



ကြေးတူရိယာ မောင်းဆိုင်းကို တွေ့ရစဉ်။

မန်လည်ဆရာတော်က တူရိယာခြောက်မျိုးကို "ပတ်သာဖုံမောင်း၊ တကြောင်းမကွဲ၊ နှဲနှင့် ကြေးနင်း၊ လင်းကွင်းခြောက်ဖော်၊ နရည်းဆော်"ဟု ဖော်ပြခဲ့သည်။ နရည်းဆော်ဆိုသည်မှာ နံနက်စောစောအိပ်ရာထချိန်(ဘုရားဝတ်ပြုချိန်)တွင် မင်္ဂလာရှိသော နရည်းဆိုင်းတော်ကိုတီးမှုတ်ခြင်းဖြစ်သည်။ နရည်းဆိုင်းတော်တွင် "မောင်း၊ ကြေးနင်း၊ လင်းကွင်း" ဟူသည့်ကြေးတူရိယာများပါဝင်နေခဲ့သည်။ ဖော်ပြပါမှတ်တမ်းများအရ ကြေးတူရိယာသည် ထီးသုံးနန်းသုံးတူရိယာဖြစ်ခဲ့လေသည်။

ကြေးတူရိယာများအနက် ကြေးဝိုင်းနှင့် မောင်းဆိုင်းသည် သီချင်းတေးသွား ( Melody ) ကို တီးပေးကြသည်။ ကြေးတူရိယာများကို လေ့လာကြည့်ပါက အောက်ပါအတိုင်း သိရှိနိုင်မည်။

**ကြေးဝိုင်း**

အချပ်ကြီးစဉ်ငယ်လိုက် ကြေးနောင် ၁၈ လုံး သို့မဟုတ် ၁၉ လုံးပါရှိသော တီးခတ်ရသည့် ကြေးတူရိယာအစုဖြစ်သည်။ ကြေးနောင်ဝိုင်းဟုလည်း ခေါ်ကြသည်။ ကြေးနောင်ဝိုင်းခေါ်ကြေးဝိုင်းကို ပုဂံခေတ်ကပင် စတင်သုံးစွဲကြသည်။ ထိုစဉ်က ကြေးဝိုင်းပုံသဏ္ဌာန်မှာ ယခုခေတ်ဆွဲမောင်းများတပ်ဆင်သကဲ့သို့ ထောင်၍ချိတ်ထားသည်ကို ပုဂံ အာနန္ဒာအုတ်ကျောင်းအောက်ထပ်အတွင်းဘက် စကြံအောက်ဘက်နံရံ အရှေ့တောင်ထောင့်၌ ရေးဆွဲထားသည့် စာသားများအရ သိရသည်။ ထိုခေတ်က ကြေးဝိုင်းတွင် ကြေးနောင် ရှစ်လုံးသာပါရှိပြီး ကုန်းဘောင်ခေတ်ရောက်သော် ၁၈ လုံးထိ တိုးချဲ့လာသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီမှစ၍ ၁၉ လုံး၊ အလုံး ၂၀၊ ၂၁ လုံး ထားလာကြသည်။ သံစဉ်အနေအထားမှာ လက်ယာဘက်မှလက်ဝဲဘက်သို့ ၁-၂-၃-၄-၅-၆-၇ ဟူ၍ အစဉ်အတိုင်းရှိသည်။

ဆိုင်းဝိုင်းတွင်တေးသွားအလိုက်ကို ဦးဆောင်နိုင်သည့်တူရိယာဖြစ်သည်။ ယိုးဒယားကြေးဝိုင်းမှာ ပန်းခွေခါးပြတ်၊ လုံးရေ ၁၂ လုံးသာပါရှိသည်။ ကြေးဝိုင်းတီးသူကို ကြေးတီးဟုခေါ်ကြသည်။ ယိုးဒယားကြေးသွားအလိုက်၊ ကြေးနောင်ကိုအသားပေးတီးရသောတီးလုံးတီးကွက်ကိုကြေးတီးချက်ဟုခေါ်သည်။

**ကြေးကောက်**

ရှေးမြန်မာဆိုင်းဝိုင်းများတွင်သုံးစွဲသော မွန်တူရိယာတစ်မျိုးဖြစ်သည်။ ၁၂၇၇ ခုနှစ်တွင် မင်းတုန်းမင်းသည် ကျောက်တော်ကြီးဘုရားကို ဖူးမြော်ရန်ထွက်တော်မူပုံ ဆေးပုရပိုက်တစ်ဆူ၌ မြန်မာ့ဆိုင်းဝိုင်းထဲတွင် မွန်တူရိယာဖြစ်သည့် ကြေးကောက်ကို တွေ့ရသည်။

**ကြေးခရာ**

မြန်မာဆိုင်းဝိုင်းများတွင် ငါးပေါက်၊ မြင်စိုင်းသံအဖြစ် အသုံးပြုသည့် သေးငယ်သော တူရိယာဖြစ်သည်။

**ကြေးစည်**

ကြေးကိုမူတည်၍ ပြုလုပ်ထားသဖြင့် ကြေးစည်ဟုခေါ်သည်။ ရိုက်ခတ်တူရိယာတစ်မျိုးဖြစ်သည်။ ဘာသာရေးဆိုင်ရာပွဲလမ်းများတွင် ၎င်းတူရိယာကိုဖြည့်စွက်တီးကြသည်။ ပုံမှန်အားဖြင့် ဘာသာရေးဆိုင်ရာကျောင်းများတွင် အသုံးများသည်။ ပုံသဏ္ဌာန်မှာစေတီနှင့်တူသည်။

**ကြေးပတ္တလား**

ပတ္တလားအဆန်များကို ကြေးဖြင့်ပြုလုပ်သော ပတ္တလားအဆန်များ တပ်ဆင်အသုံးပြုရသော ပတ္တလားအမျိုးအစားပင်ဖြစ်သည်။ အသံထွက်မှာ ဝါးပတ္တလားလောက် အသံထွက်မကောင်း၍ အသုံးနည်းသည်။ မူလကအငြိမ့်အဖွဲ့များတွင် ထည့်သွင်းတီးကြသော်လည်း နောင်တွင်အသုံးနည်းလာ၍ ယခုအခါ ပျောက်ကွယ်လုနီးပါးဖြစ်သည့်တူရိယာဖြစ်သည်။

**ကြေးပလွေ**

ကြေးပလွေကို ၁၂၅၁ ခုနှစ်မှစ၍ အငြိမ့်တီးဝိုင်းများတွင် သုံးစွဲတီးမှုတ်ကြသည်။ ကြေးပတ္တလားကဲ့သို့ပင် နောင်တွင် အသုံးနည်းလာ၍ ယခုအခါ ပျောက်ကွယ်လုနီးပါးရှိသည့် တူရိယာဖြစ်သည်။

**ကြေးအိုးစည်**

ကန္တာရဝတီ အရှေ့ဘက် ကရင်နီတိုင်းရင်းသားများပြုလုပ်သော ဖားရုပ်ပါသော စည်တစ်မျိုးပင်ဖြစ်သည်။ ပုံသဏ္ဌာန်မှာ ထိပ်ဝကားကား၊ အောက်ပိုင်းသိမ်၊ ပုအိုင့်အိုင့်ဖြစ်သည်။ ကြေးသံဆယ်ပါးကို "စည်းဝိုင်းခွက်ခွင်း၊ ကြေးနင်း၊ ခေါင်းလောင်း၊ မောင်းနှင့် ကြေးစည်တမည် နရည်း၊ ဆည်းလည်း ကြေးမုံသို့ ကြေးပတ်၊ အိုးစည်မှတ်သား၊ တီးခတ်ဆော်ည်၊ တည်ည်ဖြင့် ကြေးသံဆယ်ပါး" ဟူ၍ မဃဒေဝလင်္ကာသစ်၌ ဖော်ပြထားသည်။ စည်မျက်နှာလေးထောင့်တွင် ဖားရုပ်တစ်ကောင်မှ သုံးကောင်ထိ တင်ထားသည်။ အရွယ်အစားအလိုက် ဘေးစောင်း၌ ဆင်ရုပ်တစ်ကောင်မှသုံးကောင်ထိ တပ်ဆင်ထားပြန်သည်။ ဖားရုပ်များပါသည်ကိုအစွဲပြု၍ ကြေးအိုးကို ဖားစည်ဟုခေါ်ကြသည်။

**ခွက်ခွင်း**

အလယ်၌အချိုင့်ပါသောအပြားဝိုင်းပုံသဏ္ဌာန်ရှိ တီးခတ်တူရိယာဖြစ်သည်။ ယခုအခါ လင်းကွင်းဟုခေါ်ကြသည်။ ခွက်ခွင်းကို ပုဂံခေတ်တွင် စည်တော်နှင့်လည်းကောင်း၊ နရည်းနှင့်လည်းကောင်း တွဲဖက်တီးလေ့ရှိကြသည်။ အင်းဝခေတ်သို့ရောက်သည်တွင် ခွက်ခွင်းကို လင်းကွင်းဟုခေါ်ကြရာမှ လင်းကွင်းဟူသော အသုံးအနှုန်းပေါ်လာခဲ့သည်။ "ကြေးနောင်း စည်ပတ်၊ လက်ခတ်မြောက်တင်၊ သံလွင်ခွက်ခွင်း၊ အဲအန်ချင်းနှင့်၊ စောင်းငြင်းမှုတ်တီး"ဟူ၍ နေမိဘုံခန်းပျို့ ၉၉ တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ရှေးက ခွက်ခွင်းတီးခတ်သူကို ခွက်ခွင်းတီးဟု ခေါ်ခဲ့ကြသည်။ ယခုအခါ လင်းကွင်းတီးဟု ခေါ်ကြသည်။

**မောင်း**

ကြေးဖြင့်ပြုလုပ်ထားသည်။ အလယ်ခုံးဖုပါ အဝိုင်းပုံသဏ္ဌာန်ရှိသည်။ မောင်းကို တစ်လုံးချင်းသော်လည်းကောင်း၊ သီတန်း၍သော်လည်းကောင်း တီးလေ့ရှိသည်။ တီးရာ၌ တုတ်တံငယ်ခေါ် လက်ခတ်ထိပ်တွင်အဝတ်စ သို့မဟုတ် ကတ္တီပါစပတ်၍ အလယ်ကိုတီးရသည်။ ပုံသဏ္ဌာန်မှာ ကြေးနောင်နှင့်တူသယောင်ရှိသော်လည်း ဘယ်ဘက်အသံ မောင်းလုံးများသည် ကြေးနောင်ထက်ကြီးသည်။ ကြေးနောင်ကဲ့သို့ ထုမထူဘဲပါးသဖြင့် အသံထွက်မှာ ကြေးနောင်နှင့်မတူပါချေ။ ကြေးနောင်သံကလွင်၍ မောင်းသံက သံရှိန်နည်းသည်။ မောင်းတွင် မောင်းကြီး ခေါ် ဇာတ်သုံးမောင်းကြီး၊ ငွေမောင်း သို့မဟုတ် တိုက်မောင်း သို့မဟုတ် အောင်မောင်း၊ ဆွမ်းတော်ကြီးမောင်း၊ အရေးပေါ်မောင်း၊ သူကြီးမောင်း၊ တျာကိုက်မောင်း၊ မောင်းဆိုင်း သို့မဟုတ် မောင်းဝိုင်း စသည်ဖြင့်သုံးစွဲကြသည်။

**သံလွင်**

လင်းကွင်းငယ်ပုံသဏ္ဌာန်ရှိ နရီပြတီးခတ်တူရိယာဖြစ်သည်။ ကြေးနှင့်ခဲမဖြူရောစပ်ထားသော်လည်း ကြေးတူရိယာပင်ဖြစ်သည်။ စည်းမျိုးဖြစ်သဖြင့် ဆိုင်းစည်းဟုလည်း ခေါ်ကြသည်။ ပုဂံခေတ်နရီဝိုင်းများတွင် သုံးစွဲခဲ့သည်။ ကြေးတူရိယာအစုတွင် ကြေးနောင် ခေါ် ကြေးဝိုင်း၊ မောင်းဆိုင်းလင်းကွင်း၊ ကြေးစည်၊ ကြေးအိုးစည်(ဖားစည်)တို့သာလျှင် ယနေ့အခါ၌ တွင်ကျယ်စွာအသုံးပြုနေကြကြောင်း ကြေးတူရိယာအကြောင်းကို လေ့လာဖော်ပြလိုက်ပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၃)(၄)(၈)
- မြန်မာ့ဇာတ်သဘင်တစ်ခေတ် ပြောင်းလဲရေး (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)

# စနေနေ့ညကစားမဲ့ ဥရောပဘောလုံးပြိုင်ပွဲတွေထဲက အိမ်ကွင်းမှာ နိုင်ပွဲရှာဖွေမဲ့ လက်ချီအသင်း၊ စတုဂတ်အသင်း၊ ဆယ်တာဗီဂိုအသင်းတို့ကို အားပေးရမှာပါ

ML



နှစ်စဉ် ဒီဇင်ဘာလအတွင်းမှာ ပွဲကျပ်ကာလနဲ့ ပြိုင်ပွဲတွေဆက်တိုက်ကစားနေရတဲ့ဒီကာလကို ဥရောပအသင်းတွေအနေနဲ့ နှစ်စဉ်ကြုံတွေ့နေရသလို အသင်းတချို့အနေနဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ကာလဆိုရင် မှန်ပါလိမ့်မယ်။ ဒါ့ကြောင့် ဒီကာလတွေမှာ ပြိုင်ပွဲအသီးသီးက အမှတ်ပေးဇယားတချို့ အပြောင်းအလဲတွေကြုံတွေ့နိုင်သလို နည်းပြတွေရဲ့ နည်းစနစ်ပိုင်းတွေကလဲ အရေးပါလှတာမို့ ပွဲဆက်များလာတာနဲ့အမျှ ပရိသတ်တွေလဲ အကြိုက်တွေ့လာနိုင်သလို ကစားသမားတွေအနေနဲ့လဲ ပွဲပန်းမှုဒဏ်ကြောင့် ရလဒ်ပိုင်းအပြောင်းအလဲဖြစ်ပေါ်တတ်တာကိုလဲ သတိပြုကြရမှာပါ။ ပြီးခဲ့တဲ့ကြားရက်မှာ ပရီးမီးယားလိဂ်အသင်းကြီးတွေဖြစ်တဲ့ အာဆင်နယ်၊လီဗာပူး၊မန်ယူအသင်းတို့ဟာ လိဂ်ဖလားကွာတားဖိုင်နယ်ကစားထားရသလို ကိုပါအီတာလီယာပြိုင်ပွဲကစားထားရတဲ့ ဂျူဗင်တပ်၊ ရိုးမား၊ အတ္တလန္တာ၊ လာဇီယိုအသင်းတို့ကြောင့် သူတို့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမဲ့ ပွဲစဉ်အနားရထားတဲ့ အသင်းအချို့အနေနဲ့ အခွင့်အရေးရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့ကြောင့် ဒီအပတ်စနေနေ့ညကစားမဲ့ပွဲစဉ်တွေထဲက လက်ချီ၊ စတုဂတ်နဲ့ ဆယ်တာဗီဂိုအသင်းတို့ကို ရွေးချယ်ပေးလိုက်ရပါတယ်။

## လက်ချီအသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်အကြိုက်တွေ့မိတဲ့ အီတလီစီးရီးအေအမှတ်ပေးပြိုင်ပွဲထဲက လက်ချီနဲ့လာဇီယိုအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ချီအသင်းဟာ စီးရီးအေပြိုင်ပွဲ ပွဲစဉ်(၁၆)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၆မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၄)နေရာမှာ ရပ်တည်နေပါတယ်။ ဒီရာသီမှာ သူတို့အသင်းရဲ့ခြေစွမ်းပိုင်းဟာ သာမန်သာရှိတယ်ဆိုပေမဲ့ အိမ်ကွင်းပွဲစဉ်ရှစ်ပွဲမှာ သုံးပွဲနိုင်၊သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရှိထားတာကြောင့် သူတို့အသင်းဟာ အိမ်ကွင်းဆိုရင် ကစားပုံမာကျောမှုရှိတယ်လို့ဆိုရမှာပါ။ လက်ချီအသင်းဟာ အိမ်ကွင်းနောက်ဆုံးလေးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျထားသလို ခြေစွမ်းပိုင်းသာလွန်နေတဲ့ ဂျူဗင်တပ်အသင်းကိုလဲ တစ်ဂိုးစီနဲ့ သရေရလဒ်ကစားနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ဒီရာသီ သူတို့အသင်းသွင်းယူထားတဲ့ သွင်းဂိုး ၁၀ ဂိုးမှာ ရှစ်ဂိုးက အိမ်ကွင်းပွဲစဉ် သွင်းဂိုးတွေဖြစ်တာကြောင့် သူတို့အသင်းအနေနဲ့ အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်မှုရှိတာကို တွေ့ရမှာပါ။

အမှတ်ပေးဇယား အဆင့်(၅)နေရာမှာရပ်တည်နေတဲ့ လာဇီယိုအသင်းက ပွဲစဉ်(၁၆)ပွဲ ကစားထားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေကျထားပြီး ငါးပွဲထိ ရှုံးနိမ့်ထားပါတယ်။ အဝေးကွင်းပွဲစဉ်အနေနဲ့လဲ ရှစ်ပွဲယှဉ်ပြိုင်ကစားထားပြီး လေးပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားတာကြောင့် သူတို့အသင်းဟာ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ အမှတ်ပေးပြိုင်ပွဲအပြင် ယူရိုပါလိဂ်နဲ့ ကိုပါအီတာလီယာပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ကစားနေရတာကြောင့် ကစားသမားတွေရဲ့ခြေစွမ်းပိုင်းကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် သူတို့အသင်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ အင်တာမီလန်အသင်းကို ဖိအားပေးယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ခြောက်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းရဲ့ခံစစ်ပိုင်းက မာရူဆစ်၊ နူနိုတာဗာရက်စ်တို့လို ကစားသမားတွေ ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရပြီး အင်တာမီလန်အသင်းရဲ့ သွင်းဂိုးခြောက်ဂိုးထိ ခွင့်ပြုပေးခဲ့ရတာပါ။ ဒီနှစ်သင်းတွေ့ဆုံမှုမှာ လာဇီယိုအသင်းအနေနဲ့ လက်ချီအသင်းရဲ့ အိမ်ကွင်းနောက်ဆုံးသုံးပွဲယှဉ်ပြိုင်ကစားခဲ့ရာမှာ သုံးပွဲစလုံး ရှုံးနိမ့်ထားပါတယ်။ ဒါကြောင့် လက်ရှိအိမ်ကွင်းခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတဲ့ လက်ချီအသင်းကို အားပေးရမှာပါ။

### လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်ချီ | ၁ | - | ၁ | အမ်ပိုလီ |
| ဗီရိုနာ | ၀ | - | ၁ | လက်ချီ |
| လက်ချီ | ၁ | - | ၁ | ဂျူဗင်တပ် |
| ရိုးမား | ၄ | - | ၁ | လက်ချီ |
| လက်ချီ | ၂ | - | ၁ | မွန်ဇာ |

### လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပါးမား | ၃ | - | ၁ | လာဇီယို |
| လာဇီယို | ၃ | - | ၁ | နာပိုလီ |
| နာပိုလီ | ၀ | - | ၁ | လာဇီယို |
| အေဂျက် | ၁ | - | ၃ | လာဇီယို |
| လာဇီယို | ၀ | - | ၆ | အင်တာမီလန် |

## စတုဂတ်အသင်းကို ရွေးချယ်ရမှာပါ

ဒီတစ်ပတ်စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့အသင်းကတော့ စတုဂတ်အသင်းပဲဖြစ်ပါတယ်။ စတုဂတ်အသင်းဟာ ဂျာမန်ဘွန်ဒက်စ်လီဂါအမှတ်ပေးပြိုင်ပွဲမှာ ပွဲစဉ်(၁၄)ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၃ မှတ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်မှုရှိနေပြီး အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိထားပါတယ်။ ဒါ့ပြင် စတုဂတ်အသင်းအနေနဲ့ ဂျာမန်ပိုကယ်ဖလားပွဲစဉ်နဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ အနိုင်ရထားသလို နောက်ဆုံးငါးပွဲမှာလဲ လေးပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ ဒါ့ပြင် အဲဒီငါးပွဲမှာ တိုက်စစ်ပိုင်းက ၁၆ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် သူတို့အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းဟာ အကောင်းဆုံးပုံစံမှာ ရှိနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းရုန်းကန်နေရတဲ့ တန်းတက်စိန့်ပေါ်လီအသင်းကို အဘက်ဘက်က အသာစီးရယူကစားသွားနိုင်ပါတယ်။

ဒီရာသီမှာ တန်းတက်လာတဲ့ စိန့်ပေါ်လီအသင်းကတော့ ရမှတ် ၁၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၅)နေရာမှာရပ်တည်နေပြီး တန်းဆင်းဇုန်က ဟိုက်ဒန်ဟိမ်းအသင်းနဲ့ တစ်မှတ်သာကွာဟနေပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အိမ်ကွင်းဖြစ်ပေမဲ့ ဝဲဒါဘရီမင်အသင်းကို ခြေစွမ်းပိုင်းအသာစီးရယူကစားနိုင်ခဲ့ခြင်းမရှိဘဲ နှစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် လက်ရှိသူတို့အသင်းမှာ ဒဏ်ရာရကစားသမားတွေများပြားနေတာကြောင့် ရလဒ်ပိုင်းနဲ့ခြေစွမ်းပိုင်းရုန်းကန်ကစားနေရကာ အဝေးကွင်းနောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်ထားတာကြောင့် အခုလို အဘက်ဘက်ကအသာရနေတဲ့ စတုဂတ်အသင်းရဲ့ အိမ်ကွင်းပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ ခက်ခဲအုံးမှာပါ။ သူတို့နှစ်သင်းရဲ့တွေ့ဆုံမှုနောက်ဆုံးခုနစ်ကြိမ်မှာလည်း စတုဂတ်အသင်းက ခြောက်ပွဲအနိုင်ရထားပြီး တစ်ပွဲသရေကျထားတာကြောင့် အခုတစ်ကြိမ်တွေ့ဆုံမှုမှာလဲ စတုဂတ်အသင်းကို ရွေးချယ်ရမှာပါ။

### စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝဲဒါဘရီမင် | ၂ | - | ၂ | စတုဂတ် |
| ရီဂျင်ဘတ် | ၀ | - | ၃ | စတုဂတ် |
| စတုဂတ် | ၃ | - | ၂ | ယူနီယံဘာလင် |
| စတုဂတ် | ၅ | - | ၁ | ယန်းဘွိုင်း |
| ဟိုက်ဒန်ဟိမ်း | ၁ | - | ၃ | စတုဂတ် |

### စိန့်ပေါ်လီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရှောင်ဗှစ်ချ် | ၁ | - | ၁ | စိန့်ပေါ်လီ |
| ဂလာဘတ် | ၂ | - | ၀ | စိန့်ပေါ်လီ |
| စိန့်ပေါ်လီ | ၃ | - | ၁ | ဟိုစတိန်း |
| လေဗာကူဆင် | ၂ | - | ၁ | စိန့်ပေါ်လီ |
| စိန့်ပေါ်လီ | ၀ | - | ၂ | ဝဲဒါဘရီမင် |

## ဆယ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ

နောက်ထပ်ရွေးချယ်ပေးမဲ့ပွဲစဉ်ကတော့ စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲက ဆယ်တာဗီဂိုနဲ့ ဆိုစီဒက်အသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြိုင်ပွဲစုံနောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ဆိုစီဒက်အသင်းက သုံးကြိမ်အနိုင်ရထားပြီး နှစ်ကြိမ်သရေကျထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအနေနဲ့ ဆယ်တာဗီဂိုအသင်းဟာ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရမှတ် ၂၀ မှတ်နဲ့ ရပ်တည်နေပြီး ဆိုစီဒက်အသင်းကတော့ ရမှတ် ၂၅ မှတ်နဲ့ အဆင့်(၇)နေရာမှာ ရပ်တည်နေပါတယ်။ ဆယ်တာဗီဂိုအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကလို ခြေစွမ်းပိုင်းမာကျောမှုမရှိတော့ဘဲ လက်ရှိဘောလုံးရာသီမှာလဲ ရလဒ်ပိုင်းရုန်းကန်နေရတဲ့အသင်းပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အဝေးကွင်းနိုင်ပွဲ တစ်ပွဲသာရရှိထားပေမဲ့ အိမ်ကွင်းပွဲစဉ် ကိုးပွဲမှာ ငါးပွဲထိ နိုင်ပွဲရယူထားနိုင်တာကြောင့် သူတို့အသင်းအနေနဲ့ အိမ်ကွင်းပွဲစဉ်တွေဆိုရင် ခြေစွမ်းပိုင်းက ပြိုင်ဘက်အသင်းတိုင်းကို ဖိအားပေးကစားထားနိုင်တာ တွေ့ရပါတယ်။ ဒါ့ကြောင့် ဆယ်တာဗီဂိုအသင်းဟာ ဘာစီလိုနာလိုအသင်းကိုတောင် သရေရလဒ်ရရှိအောင် ကစားထားနိုင်ခဲ့သလို အခုပွဲစဉ်မှာလည်း ဆိုစီဒက်အသင်းကို ဖိအားပေးကစားလာအုံးမှာပါ။

ဆိုစီဒက်အသင်းကတော့ နောက်ဆုံးကိုးပွဲမှာ တစ်ပွဲပဲ ရှုံးနိမ့်ထားတဲ့အထိ ခြေစွမ်းပိုင်းမာကျောနေပြီး တိုက်စစ်ပိုင်းကလည်း အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ပွဲစဉ်(၁၇)ပွဲကစားပြီးချိန်ထိ ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် ဆိုစီဒက်အသင်းဟာ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေမှာ နိုင်ပွဲရထားပြီး ပုံစံကောင်းတွေပြသထားနိုင်တာကို တွေ့ရပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၁၆)မှာတော့ ကစားသမားတွေရဲ့ပွဲပန်းမှုဒဏ်၊ အသင်းရဲ့ကစားသမားတချို့ ကြားရက်ပွဲစဉ်တွေမှာ ဒဏ်ရာရရှိခဲ့တာကြောင့် လက်စ်ပါးမက်စ်အသင်းကို အိမ်ကွင်းမှာ ဂိုးမရှိသရေသာကစားနိုင်ခဲ့တာပါ။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ အခုအဝေးကွင်းပွဲစဉ်မှာလည်း ဆယ်တာဗီဂိုအသင်းကို ဖိအားပေးကစားနိုင်ပါ့မလားဆိုတာ သတိပြုရမှာဖြစ်တာကြောင့် အိမ်ရှင်ဆယ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ။

### ဆယ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆယ်တာဗီဂို | ၂ | - | ၂ | ဘာစီလိုနာ |
| အက်စ်ပန်ညို | ၃ | - | ၁ | ဆယ်တာဗီဂို |
| ဆလမ်မန်ကာ | ၀ | - | ၇ | ဆယ်တာဗီဂို |
| ဆယ်တာဗီဂို | ၂ | - | ၀ | မာယော့ကာ |
| ဆီဗီလာ | ၁ | - | ၀ | ဆယ်တာဗီဂို |

### ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၂ | - | ၀ | ဘက်တစ် |
| ကွန်ကျူစီ | ၀ | - | ၁ | ဆိုစီဒက် |
| လီဂါနက်စ် | ၀ | - | ၃ | ဆိုစီဒက် |
| ဆိုစီဒက် | ၃ | - | ၀ | ဒိုင်နမိုကိဗ် |
| ဆိုစီဒက် | ၀ | - | ၀ | လက်စ်ပါးမက်စ် |

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၀၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၀၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၆၁၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါး စိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၀၀၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၀၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါးဧက ၂၆၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက် ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှား ကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးထံမှ သိရသည်။

(၂၀၆)

# ဥတ္တရသီရိမြို့နယ် အောင်ချမ်းသိမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် အောင်ချမ်းသိမ်းကျေးရွာ၌ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အောင်ချမ်းသိမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီအချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ၊ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အောင်ချမ်းသိမ်းကျေးရွာ၌ အကျယ် လေး လက်မ၊ အနက် ပေ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန်၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ငါး ပေ၊ အနံ ငါး ပေ၊ အမြင့် ခုနစ် ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ၁၂၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၄၃ ဒသမ ၄၀၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ မေ ၂၀ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**















ABL APP is now AVAILABLE in both MM and ENG versions!

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အ.ထ.က (၁)၊ Grade-11(မြတ်လေး)ခန်းတွင် ပညာသင်ကြားနေသော မဆုသိင်္ဂီအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောငွေးအောင်ဖြစ်ပါကြောင်း။

ဦးစောငွေးအောင်(၁၃/တကန(နိုင်)၁၄၅၁၇၄)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်၊ အကွက်အမှတ်(၂၀၃)နေ မသွန်းရတီအောင်နှင့် မခွန်းဆင့်ရတီအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းလွင်ဖြစ်ပါကြောင်း။

ဦးစိုးမင်းလွင်(၉/မမန(နိုင်)၀၉၀၅၈၅)

## ပျောက်ဆုံးကြောင်း

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်နေ၊ မသင်းသင်းစိုး (ဘ) ဦးတင်စိုး (၁၀/သထန(နိုင်)၂၂၈၈၅၈)၏ နိုင်ငံကူးလက်မှတ် အမှတ်၊ No-465761 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

၀၉-၂၅၉၂၃၀၉၈၈

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ ဦးစန်းအောင် (ဘ) ဦးသာငွေး (၉/မနတ(နိုင်)၀၄၆၇၂၅)၏ နိုင်ငံကူးလက်မှတ် အမှတ် (MA-729629)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၉၈၀၂၃၆၁

## အဖိုးတန်ရေချိုကို ချွေတာပါ

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ “ပညာ”ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် “အသိဉာဏ်” ရရှိစေ...

❖ နိုင်ငံသားတိုင်း “အသိဉာဏ်ပညာ” ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် “စစ်မှန်သည့်အင်အား”တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။


(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## နိုင်ငံတစ်ဝန်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၂-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၀-၁၂-၂၀၂၄ မှ ၂၃-၁၂-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၃၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ** စာမျက်နှာ- ၂၀

